www.burmeseclassic.com

# ပုဂ္ဂိုလ်ထူးစောင်မသူ

## သင်းကိုင်းဦး

ဒေသကျော်ရွာ

ကိုယ်တွေ့ ဂန္ဓာရီ ဝတ္ထု ၂

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၁၀၊ ဇူလိုင်လ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [ ၅၁၀၃/၁၀၀၉၀၉ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၁၀၅၇၀၁ ၂၀၉ ] တို့ဖြင့်
ဦးဝင်းသုရှုတွင် အိမ်မက်အသစ်စာပေ
၃၀/ ၃၁လွှား ၁၅၃လမ်း တာမွေမြို့နယ်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဆန်းထွန်း
မယုမုံပုံနှိပ်တိုက် (၁၂၄) ဗိုလ်ချုပ်လမ်း ဂုဏ်တောင်တွင် ပုံနှိပ်သည်။

[redacted]

ထုတ်ဝေသည့်စာအုပ်ထဲတွင်ပါဝင်သောအညွှန်း (CIP)

၈၉၅.၈၃

သင်တိုင်ညို
ပုဂ္ဂိုလ်ထူးဆောင်းပါး / သင်တိုင်ညို - ရန်ကုန်
အိမ်မက်အသစ်စာပေ ၊ ၂၀၁၀။
၁၅၂ - စာ၊ ၁၂ စင်တီ x ၁၈.၅ စင်တီ။
(၁) ပုဂ္ဂိုလ်ထူးဆောင်းပါး



## ဒသာကျော်ရွာ၏ကျေးဇူးတင်လွှာ

ဤစာတ်လမ်းသည် ကျွန်တော်၏ ငယ်စဉ်ဘဝ အဖန်ဖန်ကြားဖူးခဲ့ရသော ဘိုးဘွားများ၏ ပြောပြချက်များနှင့် ကျွန်တော့်ဖခင်အား မေးမြန်းထားမှုများအပေါ် ပြန်လည် စီစဉ်ရေးသားထားခြင်းဖြစ်ပါသည်။

သို့ပါ၍ ဤစာတ်လမ်းအားကျွန်တော့်ငယ်ဘဝများ အတွက် အံ့ချီးဖွယ်ဒဏ္ဍာရီတစ်ပုဒ်သဖွယ် အကြိမ်ကြိမ်အထပ် ထပ်ပြော့ကြားခဲ့ဖူးသော ဘိုးဘွားများအား လည်းကောင်း၊ ကျွန်တော်ပြန်လည်မေးမြန်းလေသမျှ စေ့စေ့ပေါက်ပေါက် ဖြေကြားပေးခဲ့သော ဖခင်ဖြစ်သူအားလည်းကောင်း အထူး ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါ၏။

ကျွန်တော်၏ ဖခင်မှာဦးကျော်ဂီဖြစ်ကာ ကျွန်တော့် အဖိုးမှာ ဦးကြီးငွေဖြစ်ပါသည်။ ဤမျှဆိုလျှင် ကျွန်တော်နှင့် ဤစာတ်လမ်း၏ ဆက်နွယ်မှုကို စာတ်လမ်းပါစာတ်ကောင် အမည်များအားဖတ်ရှုရင်းဖြင့်ပရိသတ်ဂိုပ်စားမိလောက်ပေ မည်။

ကျွန်တော်သည်ဆရာသင်တိုင်းညိုနှင့်တွဲဖက်ကာ ပရိသ တ်ပေးပို့လာသောကိုယ်တွေ့ဂမ္ဘီရစာတ်လမ်းများအား

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ရေးသားဂုန်ကြော်ငြာထားခဲ့ သော်လည်း ယခုထ

ဆက္ကာသင်တိုင်းညှိနှင့်ပူးတွဲရေးသားထုတ်ဝေပြီးသော ၂အုပ်

လုံးမှာ ကျွန်တော်တို့ကိုယ်တိုင် လေ့လာသိရှိရသော ဇာတ်

လမ်းများသာ ဖြစ်နေသေးကြောင်း ဝန်ခံအပ်ပါသည်။

ယင်းမှာ စာအုပ်ထုတ်ဝေရေး၏ သဘာဝအရ ကြ

တင်စီစဉ်ထားရမှုကြောင့် ဖြစ်ပါ၏။ ကျွန်တော်တို့ထံ ပ

သတ်က ပေးပို့လာသော စိတ်ဝင်စားဖွယ်ဇာတ်လမ်းများစွ

ရောက်ရှိနေပြီဖြစ်ပြီး ယင်းတို့အားလည်း မကြာမီဆက်လ

ရေးသားထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးတင်ပြအ

ပါသည်။

ကိုယ်တွေ့ဂမ္ဘီရဖြစ်ရပ်များအား ထပ်မံပေးပို့လို

ပရိသတ်များအနေဖြင့်လည်း ယခင်လိပ်စာ အတိုင်

စာတိုက်သေတ္တာအမှတ် ၃၁၅ သို့ဖြစ်စေ Email Address

dasakyawswar@gmail.com သို့ဖြစ်စေ ဆက်လ

ပေးပို့နိုင်ကြပါသည်။

လေးစားစွာဖြင့်



ကျိုက်ထိုမြို့ တံတားဦးအရပ်တွင် မနက်စော စော ဝေလီဝေလင်းအချိန်ဝယ် ခြံကျယ်ကြီးတစ်ခုအတွင်း ရှိ အိမ်တစ်အိမ်၏ရှေ့၌ တစ်စုံတစ်ယောက်သည် တလှုပ် လှုပ် တကုပ်ကုပ်နှင့် အလှုပ်ရှုပ်နေလေ၏။

ထိုအချိန်၌ ညဖက် အလုပ်ဆင်းရာမှ ပြန်လာ သော ဆန်စက်အလုပ်သမားများ၊ သစ်ဝိုင်းတွင် လွှဆွဲရန် လာကြသော အလုပ်သမားများနှင့် မီးကင်းစောင့်ရာမှပြန် လာသူတို့မှာ ထို လှုပ်လှုပ်လှုပ်လှုပ် အရာအား မြင်လေ လျှင် ရုတ်တရက် တစ္ဆေသရဲဟု ထင်မှတ်ကာ လန့်ဖျပ် သွားကြလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် သူ့တို့ တွေ့ရသော လှုပ်လှုပ်လှုပ်လှုပ် အရာမှာ တခြားမဟုတ်ပါလေ။ ကုန်စုံဆိုင်ပိုင်ရှင် ဦးစံကျော့ဆိုသော ပေါက်ဖော်ကြီးပင် ဖြစ်၏။ ကျိုက်ထိုတစ်မြို့လုံးတွင် အိပ်ရာမှ အစောဆုံး နိုးသူအား ဆုပေးရမည်ဆိုလျှင် ဦးစံကျော့ပင် ဆုရမှာ ကျိန်းသေလေသည်။

ဦးစံကျော့မှာ ပြည်ကြီးပေါက် တရုတ်အစစ်ဖြစ်ပြီး သူနှင့် အကြောင်းပါသော ဒေါ်စယ်မှာ ဗမာလူမျိုး စင်စစ်ပင် ဖြစ်၏။

ဦးစံကျော့၏ အမည်ရင်းမှာ စီးချိန်ဖြစ်သော်လည်း မစယ်နှင့် အကြောင်းပါပြီး ကျိုက်ထိုတွင် ဆန်ဆိုင်လေး ဖွင့်ရောင်းရာမှ အရပ်ထဲရှိလူများက သူ့အား ဆန်ရောင်းသော တရုတ်ဖြစ်၍ အီးဆန်ကွားလား၊ ဆန်ကွားလားဟု နောက်ပြောင်ခေါ်ဝေါ်ကြလေသည်။

တစ်ချို့ကလည်း 'ဆန်ချိန်' ဟုခေါ်ကြပြန်၏။

ဆန်လာဝယ်သူတိုင်းအား နည်းများမဟူ သူကချိန်တွယ်ပေးတတ်သည် မဟုတ်ပါလား။ ထိုဆန်ချိန်မှ တစ်ဆင့် ဆန်ရှိန်ခေါ်သူတို့ကလည်းခေါ်။ ဆန်ကြင်ခေါ်



သူတို့ကလည်းခေါ်နှင့် ထင်သလို တစ်ယောက်တစ်ပေါက် ဖြစ်နေလေတော့ရာ မြန်မာရည် အတော်ဝလာပြီဖြစ်သော တရုပ်ကြီးမှာ သူကိုယ်သူ စံကြော့ဟု သူ့နာမည်ရင်းနှင့်လည်း သိပ်မကွာလှမ်းပဲ မြန်မာပါးစပ်နှင့် ခေါ်ရလွယ်သော နာမည်ကို ပြောင်းလဲခဲ့ရာ ထိုအခါမှစ၍ ဦးစံကျော့ဆိုသော သူ့နာမည် အတည်ဖြစ်ခဲ့ရပါလေတော့သတည်း။

ဦးစံကျော့သည် မနက်လေးနာရီ မထိုးခင်ကတည်းက အိပ်ရာမှ နိုးလေ့ရှိပြီး၊ နိုးသည်နှင့် တပြိုင်နက်အိမ်နောက်ဖေး ရေစည်သို့သွားကာ မျက်နှာသစ်လေသည်။ ထို့နောက် အိုးမဲများ အလိမ်းလိမ်းကပ်ကာ ဂျပ်ခဲကြီးဖြစ်နေသော ရေနွေးအိုးကြီးထဲတွင် မိုးရေထည့်ကာ အကြမ်းရေနွေးအိုး ကျိုလေ့ရှိ၏။ ရေနွေးအိုးဆူသောအခါ မနွေးညကကျန်သော ထမင်းကြမ်းကို အလဟဿ မဖြစ်ရန် ထိုထမင်းကြမ်းကို ပဲငံပြာရည်နှင့် မြေပဲဆီ ဆမ်းကာ ပဲပြုတ် အနည်းငယ် ထည့်၍ မနက် အဆာပြေစားရန် ကြော်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူ့မိန်းမ မစယ်၊ သူ့သမီး မဖူးညွန့်နှင့် သားနှစ်ယောက်ဖြစ်သော ကြီးငွေနှင့် ကြီးရွှေတို့မှာ တခူးခူး တခေါခေါနှင့် အိပ်ကောင်းနေဆဲပင် ဖြစ်၏။ သို့သော် ဦးစံကျော့သည် မိန်းမနှင့် သားသမီးများအား အိပ်ရာမှ စောစောထရန် အတင်းနှိုးခြင်း မရှိသလို၊ နေမြင့်အောင် အိပ်သည့်အတွက် ငြူစူ ကြိမ်းမောင်းခြင်းလည်း မပြုချေ။ ထမင်းကြော်ပြီးသည်နှင့် တစ်ခြံလုံး တံမြက်စည်းလှည်း၊ ရေဖြည့်နှင့် ဇယ်ဆက်သလို လုပ်တော့သည်။

ထိုအလုပ်များကို မည်သူ့ကိုမျှ မကူခိုင်းသလို သူလုပ်နေကျ အလုပ်ဟု သဘောထားကာ မှန်မှန်လုပ်လာခဲ့ရာ မစယ်နှင့် အိမ်ထောင်ကျပြီးချိန်မှ ယနေ့အထိ အနှစ် နှစ်ဆယ်နီးပါး ရှိခဲ့ပြီ ဖြစ်လေသည်။

မစယ်သည် အမြဲပင် အိပ်ရာထ နောက်ကျလေ့ရှိပြီး၊ ကုန်စုံဆိုင်လေးအား ခင်းကျင်းရန် ဦးစံကျော့အား ဟိုဟိုသည်သည် ညွှန်ကြားလေ့ရှိ၏။

သူတို့၏ ဆိုင်မှာ ကုန်စုံဆိုင်ဟု ဆိုသော်လည်း



ပစ္စည်းပစ္စယ စုံစုံလင်လင် မရှိလှသော ကုန်မစုံဆိုင်လေးသာ ဖြစ်သည်။ အရင်းအနှီး မပြည့်စုံသောကြောင့်တော်ရုံ အရောင်းထိုင်းသော ပစ္စည်းများကို ဝယ်မတင်ထားနိုင်။ လိုချင်သူများက တစ်ရက်ကြိုမှာရပြီး မစယ်က အနီးနားရှိ ပဲခူးမြို့သို့ သွားဝယ်ပေးရလေ့ ရှိ၏။

ဦးစံကျော့သည် ဗမာစကားကို ကောင်းကောင်း မပြောတတ်သော်လည်း အလွန် သဘောမနောကောင်းကာ ဈေးလာဝယ်သူများနှင့် အဆင်ပြေအောင် ပေါင်းသင်း ဆက်ဆံတတ်လေသည်။ အလွန် ပစိပစပ်များလှပြီး အဆစ်တောင်းတတ်သော ဈေးဝယ်သူများကိုလည်း စိတ်ကျေနပ်အောင် အဆစ်ထည့်ပေးခြင်း၊ ဈေးလျှော့ပေးခြင်း လုပ်တတ်ရာ ဈေးဝယ်သူများလည်း ဦးစံကျော့နှင့် သဘောထားခြင်း ဆန့်ကျင်သော သူ့မိန်းမလစ်မှ ဈေးဝယ်လေ့ရှိကြ၏။

ထိုအကြောင်းကို မစယ်သိသော်လည်း သူ့ဘာသာသူ အရောင်းအဝယ် ဖြစ်နေသော ယောကျ်ားဖြစ်သူကို အပြစ်မပြောဘဲ မသိဟန်ဆောင်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မစယ်သည် ဈေးကို တစ်မတ်၊ ငါးမူးဖိုးလောက် ဝယ်ပြီး၊ ထန်းလျက်တစ်ခဲလောက်၊ ကြက်သွန်တစ်ခု လောက်ဟု အဆစ်တောင်းသူများကို ဘယ်တော့မှ မပေးဘဲ စကားချိုချိုနှင့် လှည့်ပတ်ပြောလွှတ်လေ့ရှိ၏။

သူတို့ လင်မယား၏ ဈေးရောင်းပုံရောင်းနည်းမှာ မတူညီသော်လည်း တစ်ယောက်ကိုတစ်ယောက် အပြစ်လည်း မမြင်။ ကန့်လည်း မကန့်ကွက်ကြချေ။ အလွန်ဇီဇာကြောင်လှသော ဈေးဝယ်သူများကတော့ မစယ် အလစ်ကို စိတ်ရှည်ရှည်စောင့်ကာ ဈေးဝယ်ကြသည်။

ဦးစံကျော့ တစ်ယောက်တည်း ရှိနေခိုက်တွင် ဈေးဝယ်သူများ ဝိုင်းဝိုင်းလည်ကာ …

"ပေါက်ဖော်ကြီး … မြေပဲတစ်ဆုပ်လောက် ယူသွားမယ်နော်"

ပေါက်ဖော်ကြီး ကြံသကာလေး တစ်ဖဲ့လောက် စားချင်လို့"

စသဖြင့် အသံများ ဆူညံနေတတ်သည်။ ထိုလူများမှာ မဝယ်နိုင်၊ မစားနိုင်သောလူများ မဟုတ်။ အလွယ်



ယူ၊ အချောင်လိုချင်သော စိတ်ဓာတ်ရှိသူများသာ ဖြစ်၏။ သို့သော် ဦးစံကျော့သည် ထိုလူတို့အား …

"ရတယ် … ရတယ်"

ဟုသာ ခေါင်းတညိတ်ညိတ်နှင့် ပြန်ပြောလေ့ရှိသည်။

ထို့ကြောင့် ကလေး၊ လူကြီး အားလုံး ဦးစံကျော့ကို ချစ်ခင်ကြလေသည်။ ဦးစံကျော့သည် အလွန်သဘောကောင်းသော်လည်း သူ့တွင် စည်းကမ်းတစ်ခု ရှိသည်။ ထိုစည်းကမ်းမှာ သူ့ဆိုင်လေးကို ရေရှည်တည်မြဲစေသော အကြောင်းတစ်ရပ်ဖြစ်ပြီး ထိုအကြောင်းမှာ ဈေးဝယ်သူများအား …

"ဝ ဘယ်တော့မှ အကြွေးမရောင်းဘူး"

ဟု ပြောလိုက်ခြင်းပင် ဖြစ်လေသည်။

တစ်ရက်တွင် ဦးစံကျော့သည် တစ်ယောက်တည်း ဆိုင်အနောက်ဘက်တွင် အလုပ်လုပ်နေတုန်း ဆိုင်ရှေ့မှ လှသံလိုလို ကြားလိုက်တာကြောင့် …

"အင်း … မစယ် မိဆိတော့ ဈေးဝယ်သူ

www.burmeseclassic.com

www.burmeseclassic.com



လာပြီနဲ့ တူတယ်”

ဟု တစ်ယောက်တည်း တီးတိုးရေရွတ်ရင်း ပြုံးလိုက်လေသည်။ ထို့နောက် ခွဲလက်စ ထင်းတုံးများကို စီရင်း ...

“ခိန နေဦးဟေ့ ... ဝ လာပြီ”

ဟု လှမ်းအော်လိုက်လေသည်။ ဆိုင်ရှေ့မှ လူသည် စကားတစ်ခွန်းမှ ပြန်မပြောချေ။ ယခင် ဈေးဝယ်သူများဆိုလျှင် ...

“ပေါက်ဖော်ကြီး မြန်မြန်လုပ်ပါ၊ ဟင်းအိုးကြီးတန်းလန်းပစ်ထားခဲ့ရလို့၊ ထမင်းအိုးက ဆူတော့မယ်”

စသဖြင့် လောဆော်လေ့ရှိ၏။ ခဏကြာသောအခါ ဦးစံကျော့သည် အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။ ဆိုင်ရှေ့တွင် ရောက်နေသော လူကြီးကို တွေ့လိုက်ရာ ပါးစပ်အဟောင်းသားနှင့် အံ့ဩမင်သက်သွားလေတော့သည်။

ခေါင်းတွင် မျက်နှာသုတ်ပုဝါ ဖြူဖြူကြီးကို



ခုပ်ပေါင်းပတ်ပေါင်းထားပြီး ဖျင်ကြမ်းအကျီနှင့် ပုဆိုးတွက်တုံးကြီး ဝတ်ထားသော အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် တောသားပုံ လူကြီးတစ်ဦးမှာ ဆိုင်ရှေ့တွင် ရပ်ရင်း သူ့အား စိမ်းစိမ်းကြီး စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ဦးစံကျော့မှာ တရုတ် သိုင်းဝတ္ထုများ ဖတ်နေကျမို့ ထိုလူကြီး ကောင်းမယ့်လူပဲဟု မှတ်ချက်ချလိုက်မိ၏။ ထို့နောက် လူကြီး၏ သိန်းငှက်လို စူးရဲသည့် မျက်လုံးများအား မဝံ့မရဲ ကြည့်ရင်း ...

“ဘာများ လိုချင်လို့လဲ”

ဟု တရုတ်သံဝဲဝဲနှင့် မေးလိုက်လေသည်။ ထိုအခါ လူကြီးသည် သူ့အား ခက်ထန်ထန်လေသံနှင့် ပြန်ပြောလေ၏။

“ဘာမှ မလိုချင်ဘူး၊ မင်းကို လာသတိပေးတာ၊ ဒီရက်ပိုင်းအတွင်း မင်း ထူးခြားလာလိမ့်မယ်၊ မအနဲ့”

ဦးစံကျော့မှာ အလွန်အံ့သြပြီး ကြောင်တောင်

www.burmeseclassic.com

www.burmeseclassic.com



တောင် ဖြစ်နေစဉ် ထိုလူကြီးသည် ဆိုင်ရှေ့မှ ရုတ်တရက် ထွက်သွားမည့်ဟန် ပြင်လိုက်လေသည်။ ပြန်ခါနီး၌ ...

"ရေစက်ရှိလို့ မင်းကို ငါလာပြောရတာပဲ၊ မမေ့နဲ့ ကြားလား"

ဟု ဆိုလိုက်ရာ ဦးစံကျော့က ပျာယာသလဲပုံစံနှင့် ပြန်ပြောလိုက်၏။

"အား ... ဝအိမ်မှာ ရေစက် မီဆိဘူး၊ ရေတုံကင်ပဲ ဆိပါလယ်"

ထိုအခါ လူကြီးသည် တဟားဟား အော်ရယ်လိုက်လေတော့သည်။

"တယ်လည်း ရိုးတဲ့ ပေါက်ဖော်ပါလားဟ၊ အေး ... ရိုးတော့ ရိုး၊ မအစေနဲ့"

ပြောရင်း သူ့ဆိုင်ရှေ့မှ ထွက်ခွာသွားလေတော့သည်။ ဦးစံကျော့မှာ နေရာတွင်ရပ်ရင်း ဇဝေဇဝါနှင့် ကျန်ခဲ့၏။



"ဝါး ... ဒီမနက် ဘယ်လိုဖြစ်တယ် မီသိဘူး၊ အီစောကြီး နိုးလာပါလား"

ဦးစံကျော့သည် တစ်ကိုယ်တည်း ရေရွတ်ရင်း အိပ်ရာမှ ထလာခဲ့လေတော့သည်။ ယခင်နေ့များထက် ပို၍ စောစီးစွာ နိုးနေသောကြောင့် သူ့ကိုယ်သူ အံ့ညြနေမိလေသည်။ ခါတိုင်းဆိုလျှင် သူနိုးနေကြ အချိန်အတိအကျမှ နိုးလာတတ်စမြဲ မဟုတ်လား။ အပြင်ဘက်တွင် မှောင်ရီ ဝိုးတဝါးနှင့် ကောင်းကင်၌ ကြယ်များပင် အစုံအလင် ရှိနေသေးသည်။

ဦးစံကျော့သည် သစ်သားခုံဖိနပ်ကြီး တခွပ်ခွပ်

www.burmeseclassic.com

www.burmeseclassic.com



စီးကာ နေ့စဉ်လုပ်နေကျ အလုပ်များကို တတောက်တောက် စတင် လုပ်ကိုင်တော့၏။ ထမင်း၊ ဟင်းများကိုပါ အိမ်သားများ မနိုးခင် ချက်ပြုတ်ထားရန် စီစဉ်မိ၏။

ထိုစဉ် အိမ်အပြင်ဘက်၌ ရုတ်တရက် လျှပ်စီးလက်သလို လင်းကနဲ ဖြစ်သွားသည်ဟု ထင်လိုက်ရလေသည်။

သိပ်မသေချာလှသော်လည်း မိမိ ခံစားလိုက်ရသည်မှာ အမှန်ပင်ဖြစ်သောကြောင့် အိမ်ရှေ့သို့ ထွက်လာခဲ့၏။ အရှေ့တွင် ရောင်နီတချို့ ပျို့အန်နေပြီ ဖြစ်သောကြောင့် လမ်းမဆီသို့ ကောင်းစွာ မြင်ရလေသည်။

ထို့ကြောင့် လမ်းမတန်းတွင် ဘုန်းကြီးအိုကြီးတစ်ပါး ကြွလာသည်ကို သူ လှမ်းတွေ့လိုက်ရ၏။ ဘာရယ်ကြောင့်မသိ။ နံနက်စောစောစီးစီး တွေ့လိုက်ရသော ဘုန်းကြီးအိုကြီးအား ထူးဆန်းလှသည်ဟု ထင်မိလေသည်။

ထို့အတူ သူ့မျက်လုံးအစုံမှာလည်း ဘုန်းကြီးအိုကြီးထံမှ မခွာနိုင်အောင် ငေးစိုက်ကြည့်ရှုနေမိတော့



သည်။

ထိုသို့ ငေးနေစဉ်မှာပင် ဘုန်းကြီးအိုကြီးမှာ သူနှင့် တဖြည်းဖြည်း နီးလာလေတော့သည်။ ထိုအခါမှ ဘုန်းကြီး၏ သင်္ကန်းတစ်ပိုင်းမှာ ရေစိုနေပြီး လက်ထဲတွင် သပိတ်တစ်လုံး လွယ်ထားကြောင်း သိလိုက်ရ၏။

ဘုန်းကြီးအိုကြီးမှာ သူတို့အိမ်ရှေ့ရောက်သောအခါ လှည့်မကြည့်ဘဲ မျက်လွှာချထားရင်းမှ ခြံထဲတွင် လူရှိနေသည်ကို သိသည့်အလား ခြေအစုံကို ငြိမ်သက်စွာ ရပ်နေသည်ကို တွေ့ရလေသည်။

ဦးစံကျော့၏ စိတ်ထဲတွင် ဘုန်းကြီးအိုကြီးအား ကြည်ညို၊ နှစ်သက်ခြင်း ဖြစ်လာကာ လှူချင်စိတ်များ တဖွားဖွား ပေါ်လာလေတော့သည်။ သို့သော် အဆင်သင့်ခူးခပ်ပြီးသား ထမင်း၊ ဟင်း မရှိတာကြောင့် အိမ်ထဲသို့ သွားခပ်ယူရန် ပြင်လိုက်၏။ သို့ရာတွင် သူ အိမ်ထဲဝင်သွားခိုက် ဘုန်းကြီးကြီး ထွက်သွားမှာကိုလည်း စိုးရိမ်သောကြောင့် မည်သို့ လုပ်ရမည်မသိ ဖြစ်နေသည်။

သူ့မိန်းမ မစယ်သည် ဘုန်းကြီး ဦးပဉ္ဇင်းများ

www.burmeseclassic.com

www.burmeseclassic.com



အား ဆွမ်းလောင်းခါနီး၌ 'ရပ်တော်မူပါဦး' လိုလို 'ရပ်တန့်နေပါဦး' လိုလို တစ်စုံတစ်ခု ပြောသည်ကို ကြားဖူးသော်လည်း ထိုကဲ့သို့မပြောတတ်သည့်အတွက်..

"ခီနနေပါဦး ... ခီန နေပါဦး"

ဟု ဆိုကာ အိမ်ထဲသို့ အလျင်အမြန် ပြေးဝင်ခဲ့တော့၏။ ထို့နောက် သူတို့မိသားစု မနက်စာစားရန် ကြော်လှော်ထားသော ထမင်းဟင်း အားလုံးကို ထည့်ယူကာ ဘုန်းကြီး၏ သပိတ်ထဲသို့ လောင်းလှူလိုက်လေတော့သည်။

ထိုအခါ ဘုန်းကြီးအိုကြီးက သာယာနာပျော်ဖွယ် အသံနှင့် သူ့အား ဆုပေးလေသည်။ သို့သော် ဦးစံကျော့ နားမလည်သည့် ဘာသာစကားတစ်မျိုးဖြင့် ဆုပေးသည် ဖြစ်ရာ နားမလည်လိုက်ချေ။

သူ့နားထဲတွင်မတော့ ...

"အိုးစိတံ၊ ပိစိကွမ်၊ တုံချန်"

အစရှိသော တရုတ်စကားယောင်ယောင်၊ ဘာယောင်ယောင် အသံထွက်တစ်မျိုးကိုသာ ကြားလိုက်ရလေသည်။



[မှတ်ချက် ။ ။ ထို ဘုန်းကြီးအိုကြီး ဦးစံကျော့အား ပေးသွားသောဆုမှာ ပါဠိစကား ဣဋ္ဌိတံ၊ ပတ္တိတံ၊ တုံယုံ၊ ခိပ္ပမေဝ သမိဇ္ဈတုဟူ၍ ဖြစ်မည်ဟု ယူဆမိပါသည်။ ။ စာရေးသူ]

ဦးစံကျော့သည် ဗမာရည် တော်တော်လည်သော တရုတ်ဖြစ်သော်လည်း ဘာသာတရားဖက်တွင် အားနည်းရှာလေသည်။ သို့သော် ဘုန်းကြီး၏ ဆုပေးသံဆုံးသောအခါ သူ့မိန်းမ ဘုရားရှိခိုးသည့်ပုံအတိုင်း ဦးချလိုက်လေတော့သည်။ သူ့မှာ တစ်ကြိမ် မက၊ ဘယ်နှစ်ကြိမ် ဦးချရမှန်း မသိသည့်အတွက် စိတ်ရှိတိုင်းတုန်း၍ ဦးချလိုက်ရာ နောက်ဆုံး ခေါင်းမော့ပြီးအကြည့်၊ ဘုန်းကြီးအိုကြီး ပျောက်ကွယ်နေသည်ကိုမြင်မှ ရှိခိုးဦးချခြင်းကို အပြီးသတ်လိုက်ရလေတော့သည်။

သို့သော် ဘုန်းကြီးအိုကြီးအား အသေအချာ ကြည့်မြင်လိုက်ရသည့်အတွက် စိတ်ထဲတွင်စနိုးစနောင့်ဖြစ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီဘုန်းကြီးနဲ့ ပြေးသွားတာ မြန်လိုက်တာ"

ဟု ညည်းညူလိုက်မိလေ၏။ ထို့နောက် အိမ်ထဲသို့ အမြန်ပြေးဝင်ကာ ထိုအကြောင်းကို သူ့မိန်းမအား နှိုးပြောရန် စိတ်ထဲတွင် အကြံပေါက်လာတော့သည်။ သူ ဘုန်းကြီးတစ်ပါးအား ဆွမ်းလောင်းလိုက်သည်ကို မစယ်သိလျှင် အလွန်အံ့ဩသွားလိမ့်မည်ဟုလည်း ထင်မိလေသည်။

"ဟေ့ ... မစယ် ... မစယ်"

သူ့အသံကြောင့် မစယ်သည် အိပ်ရာမှ နိုးလာကာ သူ့အား ဇဝေဇဝါ ကြည့်ပြီး ...

"ဘာလဲ ... ကိုစံကျော့ရယ်၊ စောစောစီးစီး ဒီမှာ အိပ်မက်ကောင်း မက်နေတဲ့ဟာကို"

ဟု ဆီး၍ ဆူပူလိုက်လေသည်။ သို့သော် သူ စိတ်မပျက်ဘဲ/မစယ်အား ...

"ခီနေလေးပါ မိန်းမရယ်၊ ဝပြောတာ မင်း ကြားရင် အားကီး သဘောကျသွားမယ်"

"အို ... ရှင်ပြောတာ ဘာမှ ကျွန်မက သဘော



ကျရမှာလဲ၊ ကျွန်မ အခု မက်နေတဲ့ အိပ်မက်ကမှ တကယ့် အဖြစ်အပျက်လိုပဲ၊ သိပ် အံ့ဩဖို့ကောင်းတာရှင့်၊ ဒီတော့ ကျွန်မအိပ်မက်ကို အရင်ပြောမယ်"

ဦးစံကျော့သည် သူ့မိန်းမ မစယ်နှင့်ပြိုင်၍ စောဒက မတက်လိုသဖြင့် ...

"အေးကွာ ... ဒါဆိုလည်း ပြော"

ဟု ခွင့်ပေးလိုက်ရလေတော့သည်။ မစယ်မှာ သူ့စကားအဆုံးတွင် အိပ်ချင်မူးတူး ဖြစ်နေသော မျက်လုံးများ ပြူးကျယ်လာကာ ...

"အိပ်မက်က ဒီလိုရှင့်၊ ခုလို မနက်ဝေလီဝေလင်းကြီးမှာ သက်နီး ရေစိုနေတဲ့ ဘုန်းကြီးအိုကြီး တစ်ပါး ကျွန်မတို့ အိမ်ရှေ့ကို ဆွမ်းခံကြွလာတယ်တဲ့၊ ဘုန်းကြီးကလည်း ကျုပ် မြင်ဖူးသမျှထဲမှာ ကြည်ညိုဖို့ အကောင်းဆုံးပါပဲရှင်၊ မျက်လွှာချထားလိုက်တာ ငြိမ်လို့၊ အရမ်းသပ္ပာယ်တာ၊ ဘာပြောကောင်းမလဲ ကိုစံကျော့

www.burmeseclassic.com



ရယ်၊ ကျုပ်လေ အိမ်ထဲက ရှိသမျှ အစား အသောက်တွေကို ရှင်တို့ဖို့တောင် မချန်ဘဲ လှူလိုက်တာ၊ ခု ပြန်တွေးရင် ပီတိ ဖြစ်ရတုန်းပါပဲ တော်''

မစယ်၏ စကားဆုံးသောအခါ ဦးစံကျော့မျာ အံ့ဩလွန်းသောကြောင့် ဘာမှ မပြောနိုင်တော့ချေ။

သူ့မိန်းမ ပြောသွားသည့် အိပ်မက်က သူကြုံရသည့် တကယ့် အဖြစ်အပျက်နှင့် တစ်ထပ်တည်း ဖြစ်နေသည်ကိုး။



နောက်တစ်နေ့ နံနက်တွင် ဦးစံကျော့ထံသို့ မမျှော်လင့် မထင်မှတ်ထားသော ဧည့်သည်တစ်ယောက် ရောက်ရှိလာလေသည်။

ထိုအချိန်တွင် ဦးစံကျော့သည် ယခင်နေ့များ လိုပင် မီးဖိုထဲ၌ ရေနွေးအိုးတစ်အိုးတည်ကာ တခြား ဗာဟီရ အလုပ်များကို အေးအေးဆေးဆေး လုပ်နေလေ သည်။

ထိုစဉ် ဆိုင်ရှေ့မှ လူသံကြား၍ ထွက်ကြည့်ရာ တဘက်ဖြူကြီး ပေါင်းထားသော တောသားအဘိုးကြီး ရောက်နေကြောင်း တွေ့လိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံကျော့သည် ဆိုင်ရှေ့မှ လူကြီးအား မြင်မြင်ချင်း မှတ်မိလိုက်သောကြောင့် ...

"အိုး ... ခိဗျား ရောက်လာပြန်ပြီ၊ ဘာ အိလို ရှိလို့လဲ"

ဟု မေးလိုက်ရာ လူထူးဆန်းကြီးက ပြုံးပြုံးကြီး ကြည့်ကာ ...

"ပေါက်ဖော် ... ငါ့ကို အမှုပေးပါဦး"

ဟု ခပ်ပြတ်ပြတ် ဆိုလိုက်လေတော့သည်။ ထိုအခါ ဦးစံကျော့က ထိုလူကြီးအား အထိတ်တလန့် စိုက်ကြည့်ရင်း ...

"ဝ ... ဝဆီမှာ အိမြောက်တော့ မီဆိပါဘူး၊ ဝ သားတွေခေါ့တဲ့ လောက်လေးတော့ရှိလယ်၊ လောက်စာလုံးလည်း အိဆင့်သင် ရှိပါလယ်၊ အင်း ... လောက်လေးလည်း ချက်ကောင်းထိရင် မလွယ်ဘူး၊ ခိဗျား လိုချင်ရင် ယူသွားပါ၊ ခိဗျားက အားကီးခင်ဖို့ကောင်းလယ်၊ ဒါကြောင့် ပေးတာပါ"



လူထူးဆန်းကြီးသည် ဦးစံကျော့၏ စကားကို ကြားရသောအခါ ခွက်ထိုးခွက်လန် ရယ်လိုက်လေတော့သည်။

"ဘယ်က အမြောက်ရမှာလဲ ပေါက်ဖော်ရဲ့၊ အမှု ... အမှု ကုသိုလ်ကောင်းမှုလုပ်ရင် ပေးတဲ့ အမှုကို ပြောတာ၊ ကုသိုလ်လုပ်ပြီးရင် အမှုအတန်း ဝေရတယ်ကွ"

"ဝ ဘာကုစိုိ လုပ်မိလို့လဲ၊ လုပြောတဲ့ အိမြောက်အိတာလည်း ဝမှာ မိဆိဘူး၊ ဝ ဘယ်လို ဝီပေးရမိလဲ"

ထိုအခါ လူကြီးသည် တဟားဟား အော်ရယ်လိုက်ပြီး ခဏကြာမှ ...

"ဒါက ဒီလို ရှိတယ် ပေါက်ဖော်ရဲ့၊ တစ်စုံတစ်ယောက်ကို တစ်ခုခု ပေးကမ်းစွန့်ကြဲ လှူဒါန်းရင် ကုသိုလ်ရတယ်၊ အဲဒီ ကုသိုလ်ကို တခြားတစ်ယောက်ကို တဆင့် ထပ်ရအောင် လုပ်တာ အမှုပေးတာလို့ ခေါ်တယ်၊ ကောင်းမှု

www.burmeseclassic.com



ကုသိုလ်ကို ကိုယ်ရသလို ရပါစေလို့ မျှဝေပေးတဲ့ သဘောပေါ့"

"ဩော် ... အိမ့်မျှဆိုတာ ဒီလိုလား၊ ခီဗျား ကြည့်ရတာ ကုစိုကို အိတော်လေး လိုချင်နေပုံ ရတယ်၊ ကုစိုကို ဘာဖြစ်နိုင်လုပ်မီလို့လဲ၊ ရောင်းစား မလို့လား၊ ကဲပါ ... ခီဗျား လိုချင်ရင်တော့ ယူပါ ... ယူပါ၊ အိမ့်မျှဆိုတာရော ကုစိုဆိုတာ ရော အားလုံးပေးပါလယ်..."

ထိုအခါ လူကြီးသည် တက်မတတ် ချက်မတတ် ရယ်ရင်း အောင်မြင်ခန့်ငြားလှသော အသံဝါကြီးဖြင့် သာဓု ... သာဓု ... သာဓုဟု သုံးကြိမ်တိတိကျယ်လောင်စွာ ရွတ်ဆိုလေ၏။ ထို့နောက် ...

"မင်းတို့ ထူးခြားလာတော့မယ်၊ မင်းတို့ ထူးခြားလာတော့မယ်"

ဟုတတွတ်တွတ်ပြောကာ ထွက်သွားလေတော့သည်။

ဖဖဖဖဖ



ဦးစံကျော့မိန်းမ မစယ် အိပ်ရာမှ နိုးလာသည့် အချိန်တွင် ဦးစံကျော့မှာ သူ့ကုန်စုံဆိုင်လေးတွင် ဈေးဝယ်သူများနှင့် အလုပ်ရှုပ်နေလေသည်။

မစယ်သည် သမီးဖြစ်သူ မဖူးညွန့်အား လှမ်းအော်လိုက်၏။

"ဟဲ့ ... ဖူးညွန့်၊ နင့်အဖေ သွားခေါ်စမ်း၊ ဆိုင်မှာ နင် ခဏ ဝင်ရောင်းပေးလိုက်"

မဖူးညွန့်သည် ပန်းကန်များကို ဆေးနေရင်းမှ မောင်ဖြစ်သူ ကြီးငွေဖက်သို့ လှည့်ကာ တဆင့် ခိုင်းပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြီးငွေ ... သွား အဖေ့ကို ခေါ်ပေးလိုက်၊ ဈေးလည်း ရောင်းပေးလိုက်ဦး"

"မမကို ခိုင်းနေတာ ကျွန်တော် ကြားပါတယ်ဗျ၊ ကိုယ့်ဖာသာ သွားပါလား"

မဖူးညွန့်သည် ကြီးငွေအား ...

"သေနာကောင်လေး"

ဟု ဆဲဆိုကာ ဈေးရောင်းနေသော ဖခင်အား သွားခေါ်ပေးရလေတော့သည်။ မစယ်သည် ဦးစံကျော့ရောက်လာသောအခါ ...

"ကိုစံကျော့ရယ် ... ကျွန်မ ညက အိပ်မက်ဆန်းတစ်ခု မက်ပြန်ပြီ သိလား"

ဟု ဆိုလိုက်လေသည်။ ဦးစံကျော့သည် မစယ်အား ရှုသိုးသိုး ကြည့်လိုက်ပြီး ...

"နေမြင့်အောင် အိပ်မှတော့ အိပ်မက်တွေ မက်တာပေါ့"

ဟု ပြောလိုက်၏။ မစယ်က ဦးစံကျော့အား မျက်စောင်းထိုးကြည့်လိုက်ပြီး ...



"ဒီတစ်ခါ တကယ် ထူးဆန်းတယ်တော့ သိရဲ့လား၊ အိပ်မက်ထဲမှာ ကောင်မလေးတစ်ယောက်က ကျွန်မတို့နဲ့ လာနေချင်လို့တဲ့၊ အဲဒါကျွန်မက သနားတာနဲ့ လာနေလှည့်လို့ ပြောလိုက်မိတယ်"

"ဒါ ဘာဆန်းလို့လဲ၊ အိပ်မက်ပဲဟာ၊ ဝဆိုတီညလုံး ကောင်းကောင်းအိပ်မပျော်ဘူး၊ အိပ်မက် မမက်ဘူး၊ မိနက် အီစောကြီး ထရလယ်၊ အိပ်မက်မက်ဖို့ အချိန် မရဘူး၊ မင်းပဲမက်နိုင်လွန်းတယ်"

"ဘာလဲ ... ရှင်က အယုံဘူးလား"

"အိုး ... မယုံဘူးလို့ ပြောမိလို့လား၊ မင်းအိပ်မက်က တကယ် ထ,ထ ဖြစ်တတ်လို့ ဝသိပ် အံ့သြလယ်လို့ ပြောမလို့ပါ"

မစယ်သည် ယောကျ်ားဖြစ်သူ၏ စကားကြောင့် စိတ်ဆိုးမည်ဟု ကြံနေရာမှ စိတ်မဆိုးနိုင်တော့ဘဲ အိပ်မက်အကြောင်းကို စဉ်းစားရင်း ငြိမ်သက်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ထိုအချိန်တွင် အိမ်ရှေ့မှ ဈေးဝယ်သူ တစ်ယောက် ပြေးလာပြီး …

“ပေါက်ဖော်ကြီး … ပေါက်ဖော်ကြီး… မမစယ်၊ ဟိုမှာ ကြီးငွေတို့ညီအစ်ကိုနှစ်ယောက် ရန်ဖြစ်နေကြတယ်၊ ဆိုင်ရှေ့မှာ နပန်းသတ်နေတာ ကျွမ်းပြန်လို့”

ဟု အော်ပြောလိုက်လေတော့၏။

မစယ်မှာ မျက်လုံးမျက်ဆန် ပြူးသွားပြီး …

“အမယ်လေး … မြန်မြန်သွားပါ ကိုစံကျော့ ရယ်၊ ကလေးတွေ ထိခိုက်မိကုန်ပါ့မယ်”

ဟု ပြောလိုက်လေသည်။ ဦးစံကျော့သည် နေရာမှ ထရပ်ရင်း …

“ခက်တော့တာပဲ … ဘာအကူအညီမှ မရပဲ ရန်တော့ ဖြစ်တတ်တယ်”

ဟု ညည်းညူကာ ဆိုင်ရှေ့သို့ ခပ်သုတ်သုတ် ထွက်ခဲ့လေတော့သည်။ ဆိုင်ရှေ့သို့ ရောက်သောအခါ ကြီးငွေနှင့် ကြီးရွှေအား ဆိုင်သို့ ဈေးလာဝယ်သူများက



ဖျန်ဖြေပေးပြီး လူချင်းခွဲထားပြီး ဖြစ်လေသည်။ သို့သော် ဖုန်များ အလိမ်းလိမ်း ပေကျံနေသော မျက်နှာဖြင့် ဘစ်ယောက်နှင့် တစ်ယောက် အခဲမကျေစွာ စိုက်ကြည့်နေကြသေးသည်ကို တွေ့လိုက်ရလေတော့သည်။

“မင်းတို့ ဘယ်လိုကောင်တွေလဲ၊ အားကီး စိတ်ပျက်ဖို့ ကောင်းလယ်၊ တွေ့တာနဲ့ ခွေးတွေလို အိမြဲ ကိုက်လယ်၊ သွား … သွား၊ ရှင့်ကို တီယောက်မှ မီလာနဲ့”

ဦးစံကျော့သည် သားနှစ်ယောက်အား အသက်ပါအတိုင်း ကြိမ်းမောင်းပြီး စိတ်ရှုပ်ရှုပ်ရှိလှသည်နှင့် မြစ်ဆိပ်ဘက်သို့ တစ်ယောက်တည်း ထွက်လာခဲ့လေတော့သည်။

မြစ်ဆိပ်ဟုဆိုသော်လည်း မြစ်မမှ စီးဝင်လာသော ချောင်းလက်တက်လေး တစ်ခုသာ ဖြစ်လေသည်။ ထို ကမ်းနားသို့ ရောက်သည်နှင့် ဦးစံကျော့သည် ရေချိုးချင်စိတ် ဖြစ်လာလေတော့သည်။ ထို့နောက် အင်္ကျီချွတ်ပြီး ရေဆင်းချိုးစဉ် ရေထဲတွင် ပေါင်းမိုးမြင့်မြင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လှေကြီးတစ်စင်း မျောလာသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် ဦးစံကျော့သည် ထိုလှေကြီးကို ကြည့်ရင်း တစ်ယောက်တည်း တီးတိုး ပြောလိုက်မိလေသည်။

"ဘယ်က လှေများ ဝင်လာသလဲ မသိပါဘူး၊
ပေါင်းမိုးကလည်း အမြင့်ကြီးပါပဲ"

ထိုစဉ် လှေကြီးသည် သူ ရေချိုးရာနေရာနှင့် တစ်ခေါ်သာသာနေရာလောက်သို့ ရောက်လာလေတော့သည်။ အသေအချာ ကြည့်လိုက်မိသောအခါ လှေပေါ်တွင် မြင်ရသော မြင့်မြင့်အရာကြီးမှာ ပေါင်းမိုးမဟုတ်ဘဲ အချွန်အတက်တွေပါသော ကျောင်းဆောင်ငယ်တစ်ခု ဖြစ်ကြောင်း တွေ့လိုက်ရလေ၏။ ထို့ပြင် သူထင်သလို လှေကြီးမဟုတ်ချေ။ လှော်ခတ်မည့်သူ တစ်ယောက်မျှ မပါဘဲ လှိုင်းအပုတ်တွင် လှုပ်လှုပ်လှဲလှဲနှင့် ရေစီးအတိုင်း မျောလာသော ဝါးကျောင်းဆောင်တစ်ခု ဖြစ်နေသည်ကို တွေ့လိုက်ရတော့သည်။

မကြာခင် ဝါးဖောင်မှာ ဦးစံကျော့ ရေချိုးနေသော နေရာသို့ တည့်တည့်မတ်မတ် မျောလာလေတော့၏။



ဦးစံကျော့သည် ရုတ်တရက် ကြောင်ငေးကြည့်နေမိပြီးမှ နေရာနှင့် သုံးကိုက်အကွာလောက် အရောက်တွင် ရေနက်ထဲသို့ ကူးသွားပြီး ဝါးဖောင်အား အားရဝမ်းသာ သွားဆွဲခဲ့လေသည်။

ကမ်းစပ်သို့ ရောက်၍ ထိုဝါးဖောင်အား သေသေချာချာ ကြည့်လိုက်သောအခါ ဝါးဖောင်ပေါ်ရှိ ကျောင်းဆောင်ထဲမှ ကောင်းကင်သို့ ခပ်စောင်းစောင်း မော့ကြည့်ရင်း ဆွမ်းစားနေဟန် ရဟန်းတစ်ပါး၏ ဆင်းတုတော်ကို တွေ့လိုက်ရတော့သည်။ ထိုကျောင်းဆောင်ထဲတွင် သစ်သီး၊ ပန်း၊ ရေချမ်းနှင့် စားသောက်ဖွယ် မျိုးစုံတို့ ကပ်လှူထားသည်ကိုလည်း တွေ့ရ၏။

ဦးစံကျော့သည် ထိုဝါးဖောင်အား ဆယ်ယူရရှိပြီး မည်သည့်အရာဖြစ်မှန်း ရေရေရာရာ မသိသော်လည်း အလွန်ဝမ်းသာ ပျော်ရွှင်နေလေသည်။

ထို့ကြောင့် အရပ်ထဲသို့ သွားကာ ...

"လာကြည့်ကြပါဦးဟေ့ ... ဝ ရေချိုးတုန်း ဖောင်တစ်ခု မျောလာလို့၊ ဖောင်ပေါ်မှာ ခေါင်း

www.burmeseclassic.com



မော့ပြီး ဆွမ်းစားနေတဲ့ ဘုန်းကြီးရုပ်တုလည်း တွေ့လယ်၊ သစ်သီးတွေ၊ မုန့်တွေလည်း စုံလို့၊ အားကီး အံ့ဩစရာ ကောင်းလယ်"

ဟု ပြေးပြောလေသည်။ ထိုအခါ ကျိုက်လို တစ်မြို့လုံးရှိ လူများမှာ တရုတ်ကြီး ဦးစံကျော့၏ စကားကို ကြားလိုက်သည်နှင့် 'ရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်' မျောလာသည်ကို သိလိုက်ကြလေသည်။ ကြုံတောင့်ကြုံခဲ သူတို့ဖက်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော အဖြစ်မို့ အလွန် အံ့ဩဝမ်းသာကာ ရဟန္တာ အရှင်မြတ်အား ဖူးမြော်ရန် လိုက်လာကြရာ လူထုကြီးက ကမ်းလုံးညွတ်မျှ စည်ကားသွားတော့၏။

"ပေါက်ဖော်ကြီး … ခင်ဗျား ဒီဖောင်ကို ဆယ်လိုက်တာလား"

"ဝ ဆယ်တာပေါ့၊ ရေစီးနဲ့ ဝဖက်ကို မျောလာလို့လေ၊ ဒါ ဘုန်းကြီးလား"

"ဒါ ရှင်ဥပဂုတ္တ ဆင်းတုကော်ပါတဲ့ ဖောင်တော်၊ တခြားဒေသက အလှူလုပ်ပြီး မျော



လိုက်တာ၊ ဆိုက်ဆိုက်မြိုက်မြိုက် ကျုပ်တို့ဆီ ရောက်လာတော့ ကျုပ်တို့ လှူခွင့်ရပြီ"

ထိုအခါ ဦးစံကျော့သည် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့သည်။

"အိုး … ဒီလိုလား၊ ဒါဆို … ဝ လှူမယ်၊ ဝ လှူမယ်၊ ဒါကို ဝအိမ် သယ်သွားရမှာလား"

"အိမ်ကို ပင့်သွားပြီး၊ ပူဇော်မလို့လား၊ ကျုပ်တို့လည်း လှူလို့ရအောင် ပေါက်ဖော်ကြီးအိမ်မှာ ခုနစ်ရက်ထားပြီး အပူဇော်ခံ၊ ပြီးရင် လှူဖွယ်ပစ္စည်းတွေ ထည့်ပြီး ပြန်မျှောရမယ်"

သူ့အိမ်တွင် ခုနစ်ရက် အပူဇော်ခံမည်ကို သဘောကျသွားသော်လည်း ရေထဲတွင် ဖောင်တော်ကို ပြန်မျှောရမည်ဆိုသောကြောင့် ဦးစံကျော့သည် ဘဝင်မကျ ဖြစ်သွားလေ၏။

"အဲလိုလေး … ဒါကို ဝ ဆယ်တာလေ၊ ရေထဲ ပြန်မျှောရမှာလား၊ ဝအိမ်မှာ တီသက်လုံး ထားပြီး ရှိခိုးလို့ မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



အရပ်ထဲမှ ဘုရားလူကြီး ဦးအုန်းသန်းမှာ တရုတ်ကြီး၏ စကားကြောင့် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားစဉ် မစယ်က အခြေအနေကို အချိန်မီ ဝင်ထိန်းလိုက်လေသည်။

"ဒါက ဒီလိုရှိတယ် ကိုစံကျော့ရဲ့၊ ရှင်ဥပဂုတ္တ ဖောင်တော်ကို အလှူလုပ်ပြီး၊ ရေထဲမျှောတာ ကျွန်မတို့ ဗမာတွေရဲ့ အလှူလုပ်တဲ့နည်းတွေထဲက တစ်ခုပဲ၊ တခြားဒေသက လူတွေက သူတို့လှူသလို တခြားလူတွေလည်း လှူနိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖောင်တော်ကို မျှောပေးလိုက်တာ၊ အခု ကျွန်မတို့နယ်က လူတွေဆီကို ရောက်လာတော့ လှူခွင့်ကြုံလို့ပေါ့၊ ကျွန်မတို့လိုပဲ ကျန်တဲ့လူတွေ လှူခွင့်ရအောင် ပြန်မျှောပေးရမယ်၊ ဒါမှ ကုသိုလ်ရမှာ"

မစယ် စကားဆုံးသောအခါ ဦးစံကျော့မှာ ခေါင်းတဆတ်ဆတ် ညိတ်၍ ...

"ဩော် ... ဒီလိုလား၊ ဝက အီပိုင်ရပြီထင်လို့



ပါ၊ ကုစိုရတယ်ဆိုတော့လည်း ပြန်မျှောကြတာပေါ့"

ထိုအခါကျမှ အရပ်ထဲမှ လူများမှာ သက်ပြင်းချနိုင်လေတော့သည်။ ယောကျ်ားဖြစ်သူအား နားဝင်အောင် ရှင်းပြနိုင်သော မစယ်အား တချို့က ချီးကျူးကြလေသည်။

တချို့ကလည်း ...

"ဈေးသည်ပဲ၊ ဒီလောက်တော့ ပြောတတ်၊ ဆိုတတ်မှာပေါ့"

ဟု ကဲ့ရဲ့သလို၊ ဝေဖန်သလို ဆိုကြပြန်သည်။

မည်သို့ပင်ဆိုစေကာမူ ထိုနှစ်အတွက် ကျိုက်ထိုမြို့သူမြို့သားများနှင့် အနီးအနား ဒေသရှိ လူများမှာ ကြုံတောင့်ကြုံခဲ အလှူတစ်ခုကို ပြုခွင့်ရကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင် ဥပဂုတ္တမထေရ် ပူဇော်ပွဲသည် ထင်မှတ် ထားသည်ထက် ပို၍ စည်ကားသိုက်မြိုက်ခဲ့လေသည်။ ဦးစံကျော့သည် သူ့ အလွန် သံယောဇဉ်ရှိသော ကုန်း ဆိုင်ကလေးကိုပင် လှည့်မကြည့်အားဘဲ ရှင်ဥပဂုတ္တ ပူဇော်ပွဲတွင် အင်တိုက်အားကိုက် ပါဝင်လေသည်။

မစယ်သည် ယောကျ်ားဖြစ်သူ ဘာသာတရား အပေါ် တစ်နေ့တခြား ယုံကြည်သက်ဝင်လာခြင်း အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိ၏။ ဦးစံကျော့ သည် အရပ်ထဲမှ ရှင်ဥပဂုတ္တ ဖူးမြော်ရန် လာကြသူများ ကို စေတနာ ကျွေးမွေးလျှုဒါန်းလေတော့သည်။



လာရောက်ကြသူများထဲမှ တစ်စုံတစ်ယောက် သောသူက....

"ပေါက်ဖော်ကြီး ခင်ဗျားတော့ ကုသိုလ်ထူး တာပဲ၊ ရှင်ဥပဂုတ္တ ဖောင်တော်ကို ခင်ဗျား ဆယ်ခဲ့တာဆို"

ဟု စကားစလိုက်သည်နှင့် ဦးစံကျော့သည် တဟဲဟဲ ရယ်ကာ ...

"ဝ ကုသိုလ်ထူးသလား၊ မထူးသလားတော့ မသိ ဘူး၊ အခုလို လုပ်ရတာ အားကီး ပျော်လယ်၊ ဝတီသက်မှာ ဒီတီခါ အီပျော်ဆုံးပဲ"

ဟူ၍ ပြန်ပြောလေ့ရှိသည်။ ဦးစံကျော့၏ အိမ် တွင်း ခုနစ်ရက်၊ ခုနစ်လီ အလှူကြီးပေး၍ ရှင်ဥပဂုတ္တ မထေရ် ပူဇော်ပွဲကြီး ကျင်းပပြီးသည့်အခါ ထုံးစံအတိုင်း ဖောင်မျှောရန် စီစဉ်ကြတော့သည်။

ပထမဦးစွာ ရှင်ဥပဂုတ္တ မထေရ်မြတ်၏ ဆင်းတုတော်ကို ဖောင်တော်ပေါ်ရှိ ကျောင်းဆောင်ပေါ်သို့ ပြန်လည် ပင့်ဆောင်ကြရလေသည်။ ထို့နောက် သားသမီး၊

www.burmeseclassic.com

www.burmeseclassic.com



ဝန်း၊ ရေချမ်းနှင့် မုန့်မျိုးစုံကို ကပ်လှူကြ၏။ ထို့ပြင် ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်၊ ဆား အစရှိသည့် လှူဖွယ် ပစ္စည်းမျိုးစုံကိုလည်း လှူဒါန်းလိုက်ကာ ဖောင်ကို ရေစုန် အတိုင်း ဆက်၍ မျှောလိုက်လေတော့၏။

လူများသည် ဖောင်မျှောပြီးသည်နှင့် အားလုံး အိမ်သို့ အလျှိုလျှို ပြန်သွားကြသော်လည်း ဦးစံကျော့မှာ မြစ်ဆိပ်တွင် ငုတ်ကြီးရပ်ရင်း တစ်စတစ်စ ဝေး၍ သွား သော ဖောင်တော်ကို မျက်စိတဆုံး ငေးကြည့်နေလေ သည်။

သူ့မျက်လုံးထဲတွင် ဝမ်းသာပီတိဖြစ်ခြင်းနှင့် ကြည်ညိုသဒ္ဓါစိတ်များ ပြည့်လျှံနေကြ၏။

ဖောင်တော်သည် တဖြေးဖြေး မှုန်ဝါးကာ ဝေး လွင့်ပျောက်ကွယ်သွားတော့မှ ဦးစံကျော့သည် အိမ်သို့ပြန် လာခဲ့လေ၏။

သူသည် အိမ်သို့ ပြန်ရောက်သောအခါ ယခင် ကကဲ့သို့ပင် အလုပ်များကို ပျော်ပျော်ရွှင်ရွှင် ပြန်လုပ်လေ တော့သည်။



သို့သော် နံနက် အိပ်ရာမှ ထသည်နှင့် ယခင်က လို တကုပ်ကုပ် အလုပ်မလုပ်ခင် ဘုရားရှိခိုးလေသည်။ ဘုရားရှိခိုးသည် ဆိုသော်လည်း ငါးပါးသီလတွေဘာတွေ စီကာစဉ်ကာ ရှိခိုးသည်မဟုတ်တဲ ဦးချရှိခိုးခြင်းသာ ဖြစ် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဦးစံကျော့ ဆိုင်လေးတွင် ဈေးရောင်းနေစဉ် သားအငယ်ဖြစ်သော ကြီးရွှေသည် ပြေးလာပြီး …

"အဖေ … အဖေ … လာပါဦး၊ အဖေ မူးလဲလို့"

ဟု ပြောလိုက်လေသည်။ ဦးစံကျော့သည် အလွန် စိတ်ပူသွားပြီး…

"စိတ်ခ ပါပဲ…"

ဟု ရေရွတ်ရင်း ပြေးလိုက်လာလေတော့သည်။ မစယ်မှာ အိမ်ပေါ်တွင် ခွေလဲနေရင်း ဦးစံကျော့



အူယားဖားယားပြေးလာသည်ကို မြင်သောအခါ …

"ကျွန်မ ဘာမှ မဖြစ်ပါဘူး ကိုစံကျော့ရယ်"

ဟု ခပ်တိုးတိုး လှမ်းပြောလိုက်လေသည်။ ဦးစံကျော့သည် မစယ်အား ဖေဖေဝေါ ကြည့်ရင်း ခေါင်းကုတ်လိုက်၏။

"ဘာမှ မဖြစ်ရင် ဘာလို့ မူးလဲတာလဲ မိန်းမရဲ့"

ထိုအချိန်တွင် သမီးကြီး မဖွားညွန့်သည် အရပ်ထဲမှ မိန်းမကြီးတစ်ဦးအား ခေါ်လာသည်ကို တွေ့လိုက်ရ၏။ ထိုမိန်းမကြီးမှာ အရပ်ထဲမှ ဝမ်းဆွဲသက်သည် ဒေါ်ဖော့ဆိုသူ ဖြစ်လေသည်။

ဒေါ်ဖော့သည် ဖက်ဆေးလိပ်ကြီးကို ပါးစောင်တွင် ခဲရင်း မစယ်၏ ဝမ်းဗိုက်ကို ခဏ စမ်းသပ်နှိပ်နယ်ကြည့်လေသည်။

ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်ရင်း ဖက်ဆေးလိပ်ကြီးကို မီးရဲနေအောင် ဖွာရှိုက်လိုက်ပြီးလျှင် ဦးစံကျော့ဖက်သို့ လှည့်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ဖော်ရေ … နင်တို့အိမ်တော့ ကလေး ငိုသံ ကြားရဦးမယ်၊ ဖူးညွန့်လည်း ကလေး ထိန်းရတော့မယ်ဟဲ့"

ထိုအခါ ဦးစံကျော့သည် အံ့သြသွားပြီး မစယ် ဖက်သို့ လှမ်းကြည့်ကာ …

"ဟုတ်လား … မိန်းမ၊ ဒေါ်ဖော့ပြောတာ အမှန်ပဲလား၊ ဝ နောက်ထပ် ကလေးတစ် ယောက် ရဦးမှာပေါ့"

ဟု လှည့်မေးလိုက်လေလျှင် မစယ်သည် အသက် သုံးဆယ်ကျော် လေးဆယ်နီးပြီ ဖြစ်သော်လည်း ယခုမှ အိမ်ထောင်ကျသော အပျိုဖျန်းကလေးလို ရှက်၍ သွားပြီးလျှင် မည်သို့မျှ မဖြေဘဲ ပြုံးရုံသာ ပြုံးနေလေ တော့၏။

အမှန်တကယ်တွင် မစယ်သည် ကိုယ်ဝန်ရှိ သည့် အကြောင်းတစ်ခုတည်းနှင့် ရှက်ရွံ့ခြင်း မဟုတ်ဘဲ 'ဒီအသက်အရွယ် ရောက်မှ၊ သားသမီးတွေ အပျိုပေါက် လူပျိုပေါက်ဖြစ်မှ ကလေးထပ်မွေးရသလား' ဟု အရပ်



က မေးငေါ့မှာ စိုးသောကြောင့် ရှက်ရွံ့စွာ နှုတ်ဆိတ်နေ ခြင်းပင် ဖြစ်လေသည်။

"ကောင်းလယ် … ကောင်းလယ်၊ ဝတို့ သား သမီးတွေ အိမ်များကြီးရှိရင် အသက်ကြီးလာတဲ့ အခါ အားကိုးလို့ ရလယ်"

ဦးစံကျော့သည် ထိုမျှသာ ပြောပြီး၊ အိမ်ပေါ်မှ ဆင်းသွားလေတော့သည်။ သူ့မိန်းမ နောက်ထပ်ကိုယ်ဝန် ဆောင်ခြင်းကို စိတ်ရှုပ်စိတ်ပျက်ခြင်း အလျဉ်းမရှိသလို၊ ပျော်ရွှင်ဝမ်းသာသည့် အရိပ်အယောင်လည်း မရှိပါချေ။ ဦးစံကျော့၏ မျက်နှာပြင် ဘာမှ ထူးထူးခြားခြား မြင်ရ ရ။

ထူးခြားလာသည်က သူ၏ ဆိုင်ကလေးပင် ဖြစ်သည်။ ဦးစံကျော့၏ ကုန်စုံဆိုင်ကလေးမှာ ယခင်က ထက် ပို၍ ရောင်းရပြီး၊ တင်ထားသော ကုန်ပစ္စည်းများ မှာ သိပ်မကြာသော ရက်များအတွင်း ကုန်သွားလေ့ ရှိ လေသည်။

ယခင်က တစ်ပတ် ဆယ်ရက် ရောင်းရသော

www.burmeseclassic.com

www.burmeseclassic.com



ကုန်များမှာ သုံးလေးရက်အတွင်း ပြိုက်ကနဲ ကုန်သွား တတ်သဖြင့် မစယ်မှာ ပဲခူးသို့ တစ်ပတ် နှစ်ကြိမ်လောက် ဈေးသွားတင်ရလေ၏။

တဖြေးဖြေး ကိုယ်ဝန် လရင့်လာသောအခါ ဦးစံကျော့မှာ ပဲခူးမြို့သို့ သူကိုယ်တိုင်သွားကာ ဈေးဝယ် ရတော့သည်။ ထိုသို့ ဈေးသွားဝယ်လျှင် သားဖြစ်သူ ကြီးငွေနှင့် ကြီးရွှေကို တစ်လှည့်စီ အဖော်ခေါ်သွားလေ့ ရှိသည်။ ကြီးငွေနှင့် ကြီးရွှေမှာ ပဲခူးသို့ လိုက်သွားတိုင်း ဖခင်ဖြစ်သူက အကျီ၊ ဖိနပ် အစရှိသည်တို့ကို ဝယ်ပေး တတ်သဖြင့် ပဲခူးဈေးတင်ရက်ကို စောင့်မျှော်နေတတ်ကြ ပြီး အလုအယက် လိုက်ချင်ကြလေသည်။

ဤသို့ နေလာခဲ့ရာ များမကြာမီကာလတွင် မစယ်မှာ သမီး မိန်းကလေးတစ်ယောက် မွေးလေတော့ သည်။

ကလေးကိုယ်ဝန်ဆောင်ချိန်မှစ၍ အရောင်း အဝယ် အဆင်ပြေခဲ့သည်ကို ဦးစံကျော့မှာ ထူးထူးခြား ခြား သတိပြုခဲ့မိလေသည်။



ထို့ကြောင့် တရုတ်လူမျိုးဖြစ်သော ဦးစံကျော့မှာ သူများနှင့်မတူဘဲ ထိုကလေးအပေါ် အချစ်ပိုခဲ့လေသည်။ တရုတ်ကြီးက သမီးကို သည်းသည်းလှုပ် ချစ်သည်ဟူ သော သတင်းကြောင့် အရပ်ထဲရှိလူများအားလုံး အလွန် အံ့သြခြင်းလည်း ဖြစ်ကြလေ၏။

ထိုမိန်းကလေး၏ အမည်ကိုကား မယ်ခဟု ပေး လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့နံနက်တွင် ဦးစံကျော့မှာ အိပ်ရာမှ စောစီးစွာ ထ၍ မနေ့က သူကိုယ်တိုင် အရပ်ထဲသွားငှားခဲ့သော မိုးပြဲဒယ်ကြီးများနှင့် ကြက်သားဆန်ပြုတ် ကျိုလေတော့သည်။

နုပ်နုပ်စင်းထားသော ကြက်သားများကို ဒယ်အိုးကြီး တစ်လုံးထဲတွင် အရင်ဆုံး ဆီသတ်လေသည်။ ထို ဆီသတ်ထားသော ကြက်သားများကို ခထာဖယ်ထားကာ ဒယ်တစ်လုံးလျှင် ဆန်တစ်ပြည်ခန့် ထည့်ကာ ပြုတ်လေသည်။ ဆန်များ ပွလာပြီး မကြာမီ အလွန်ပျစ်ခဲသော ဆန်ပြုတ်ဖြစ်လာလျှင် ကြက်သားနှင့် ဧရာ



ကောင်းမွှန်များ နိုင်နိုင်ထည့်ကာ လော်တက်အငယ်စားအရွယ်ရှိသော ယောင်းမကြီးနှင့် မွှေလေတော့သည်။

မကြာမီ သူ၏ ဆန်ပြုတ်မှာ အသားနံ့၊ ဧရာကောင်းနံ့ အလွန်မွှေးကြိုင်လာရာ သူ့အိမ်သားများမှာ အိပ်ရာမှ နိုးလာတော့သည်။ အိမ်အနီးအနားရှိ လူများမှာလည်း အိပ်ရာထဲတွင်ပင် ဗိုက်များ တဂွီဂွီမြည်ကာ ဆာလောင်သလို ဖြစ်လာလေကော့၏။

သူ့သား ကြီးငွေနှင့် ကြီးရွှေမှာ တစ်ယောက်တည်း ဆန်ပြုတ်ပြုတ်နေသော သူတို့အဖေ တရုတ်ကြီးအား တအံ့တသြ ထိုင်၍ ငေးနေကြလေသည်။ မကြာမီ သမီးကြီး မဖူးညွန့်သည် လျှော်စရာအဝတ်များကို ဇလားတစ်ခုထဲတွင် ထည့်ကာ အိမ်ပေါ်မှ ဆင်းလာလေတော့သည်။ ထိုအခါ ဦးစံကျော့က …

"ဟော့ … သမီး၊ ဒီနေ့ နင့်အမေ မီးယွက်မှာ၊ အီရပ်ထဲက လူတွေကို လိုက်ဖိတ်ရမယ်လေ၊ မိနေ့က ဝယ်လာတဲ့ တီရော်ကီမွှန်းတွေ ပြုတ်ထား၊ ဆန်ပြုတ်သောက်ဖို့ သွားဖိတ်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းပြောလိုက်လေသည်။ ဦးစံကျော့သည် အရင်က သားသမီးများ မွေးလျှင် ဗမာ့ထုံးစံကို သိပ်မသိသေးသော်လည်း ယခုအခါ ကလေးကင်ပွန်းတပ် ခေါင်းဆေးမင်္ဂလာပြုခြင်းကို အတော်လေး သိရှိနေပြီဖြစ်သည်။

ထို့ကြောင့် အရပ်ထဲမှ လူများကို သွားဖိတ်ရန် ဆန်ပြုတ်များ ကျက်သည်နှင့် ထွက်သွားလေ၏။

ပထမဆုံး သူ့အိမ်ဘေးနားမှ ဦးနီတွတ်နှင့် ဒေါ်ခင်ငွေအိမ်ကို ဝင်ဖိတ်လေသည်။ ဦးနီတွတ်က ဦးစံကျော့ကို တွေ့သောအခါ ...

"ဟော့ ... ပေါက်ဖော်ကြီး၊ မင်းက သမီးမိန်းကလေးကို အတော် ချစ်ပဲဆို၊ အခုလည်း မဟုတ်မှလွဲရော၊ ကလေး မီးထုတ် လာဖိတ်တာ မဟုတ်လား"

ဟု ဆိုလိုက်ရာ ဦးစံကျော့က ...

"အာ ... ဗမာစကား အားကီးရှုပ်လယ်၊ မီးမဟုတ်မှတော့ လွဲတာပေါ့ကွာ၊ ဒီမနက် သမီး ကီပွန်းတပ် လာဖိတ်တာ၊ တီနေကုန် ဆန်ပြုတ်



တိုက်မယ်လေ၊ သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ် ချစ်ရမှာပဲ၊ သားသမီးဆိုတာ ရီတာနာပဲ"

"ဟာ ... တယ်ဟုတ်တဲ့ ပေါက်ဖော်ပါလား၊ ဆန်ပြုတ်ကလည်း တစ်နေကုန်တိုက်မှာဆိုပဲ၊ ကောင်းတယ်ဟေ့... ကောင်းတယ်၊ မင်းကတော့ တော်တော်ထူးဆန်းတဲ့ တရုတ်ပဲ၊ သမီးကို ပိုချစ်တယ်တဲ့၊ အံ့စရာပဲ"

ထိုအခါ ဦးစံကျော့က တဟဲဟဲ ရယ်ရင်း...

"သမီးလည်း ဝကလေးပဲ၊ သားလည်း ဝကလေးပဲ၊ ဒါပေမယ့် ဒီကလေးကိုတော့ ဝ ပိုချစ်သလိုပဲ၊ အရင်ကဆို မစယ်က နားပူနားဆာလုပ်လွန်းလို့ စိတ်ညစ်လယ်၊ ဝသားတွေ အရွယ်ရောက်လို့ သူ့စီးပွားရေးနဲ့သူ အိဆင်ပြေရင် ဝ ပြည်ကြီးပြန်မယ်လို့ စိတ်ကူးထားတာ၊ အီခုတော့ ဝ ဆုံးဖြတ်ချက်တွေ ပြင်လိုက်ပြီ၊ ဒီမှာပဲ ဝ သေတဲ့အထိ နေတော့မယ်"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးနီတွတ်တို့ လင်မယားမှာ ဦးစံကျော့၏ စကားကို ကြားသောအခါ အံ့သြခြင်းနှင့်အတူ တရုတ်ကြီး၏ စိတ်ဓာတ်ကို နှစ်သက်မိသလို ရှိသွားလေတော့သည်။ ဦးစံကျော့ကတော့ ...

"လာဖြစ်အောင် လာကြနော်၊ ခေါင်းလည်း လျှော်၊ ဆံပြုတ်လည်း တီဝသောက်ကြရတာပေါ့"

ဟုဆိုကာ တခြားလူများကို လိုက်ဖိတ်ရန် ထွက်သွားလေတော့၏။ ဦးစံကျော့ တစ်ဖက်ခြံသို့ ရောက်သွားသည့်အခါတွင်လည်း သူတို့ကို ပြောခဲ့သလို အော်ကြီးဟစ်ကျယ်ပြောကာ ကလေးကင်ပွန်းတပ် ဖိတ်နေသော အသံကို ကြားလိုက်ကြရလေတော့သည်။



တစ်နေ့ နံနက်ခင်းတွင် ဦးစံကျော့မှာ လုပ်နေကျ အလုပ်များ ပြီးသည့်အခါ မနက်စောစော ဗန်းရှက်ရောင်းသော ဈေးသည်တစ်ယောက်ကို ခေါ်ပြီး ဂန္ဓမာပန်းများကို ဝယ်ယူလေသည်။ ထိုပန်းများကို အရွက်စုတ် အရွက်နွမ်းများ သေချာစွာ ခြွေကာ ရေစည်ထဲတွင် ထောင်ထားလိုက်လေသည်။ နံနက် ခြောက်နာရီ၊ ခုနစ်နာရီခန့် ရှိသောအခါ သူ့မိန်းမ မစယ်အား အိပ်ရာမှ နှိုးလေသည်။

"အို ... ကိုစံကျော့၊ ရှင် ဘယ်လိုဖြစ်နေတာလဲ၊ စောစောစီးစီး လာနှိုးနေတယ်"

"မင်းလည်း အားကိုးမေ့လယ်၊ ဒီနေ့ ဘာနေ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်ရာ မစယ်က …

"ဒီနေ့ တနင်္လာနေ့ပေါ့"

ဟု ဒေါက်ကနဲ ပြန်ဖြေလိုက်လေသည်။ ဦးစံကျော့က ခေါင်းကို တွင်တွင်ယမ်းရင်း…

"ဝပြောတာ အဲဒါ မဟုတ်ဘူး၊ ဒီနေ့ ဥပုသ်နေ့လေ၊ အဲဒါကို ပြောတာ"

မစယ်မှာ ဦးစံကျော့ စကားကြောင့် အလွန်အံ့ဩသွားလေတော့သည်။

"ဟုတ်ပါရဲ့ … ကလေးက ငယ်လွန်းတော့ ဘုရား မသွားဖြစ်တာတောင် ကြာပြီ၊ ရှင်ကမှ သတိရသေးတယ် ကိုစံကျော့ရယ်၊ ကျွန်မဖြင့် မေ့တောင်နေတယ်"

ယခင်က မစယ် ဘုရားသွားလျှင် ဦးစံကျော့သည် လိုက်လေ့ မရှိချေ။ အဖိတ်နေ့၊ ဥပုသ်နေ့ကိုလည်း မှတ်သားထားလေ့ မရှိ။ ထို့ကြောင့် မစယ်မှာ ယောကျ်ား ဖြစ်သူ တစ်စတစ်စ ပြောင်းလဲလာခြင်းကို အထူးအဆန်း ဖြစ်နေလေတော့သည်။



သူတို့လင်မယား နှစ်ယောက် ဘုရားသို့ ရောက်သွားကြလေသောအခါ တစ်ခုတည်းရှိသည့် ဇရပ်အိုပေါ်တွင် ဘုရားလူကြီး လေးငါးယောက် ထိုင်ပြီး စကားပြောနေသည်ကို တွေ့ရလေသည်။ ဦးစံကျော့သည် မစယ် ဘုရားစာရွတ်၍ ရှိခိုးသည်ကို အလွန်အားကျမိလေ၏။ သို့သော် ဩကာသတစ်လုံးမှလွဲ၍ ကျန်သည့် စာများကိုကား မှတ်မိခြင်း မရှိသလို အသံထွက်၍လည်း မဆိုတတ်ချေ။ ထို့ကြောင့် မစယ် ဘုရားရှိခိုးသည်ကို ဘေးနားမှ ထိုင်ကြည့်ရင်း ပျင်းပျင်းရှိလာသည်နှင့် ဘုရားကို ဦးအကြိမ်ကြိမ် ချ၏။

"ဝလည်း သူ့လို ရှိခိုးပါတယ် ဘုရား"

ဟု ဆိုကာ နေရာမှ ထလာခဲ့၏။

ထိုအခါ ဇရပ်ပေါ်မှ ဘုရားလူကြီးများသည် ဘုရား မလာစဘူး အလာထူးသော ဦးစံကျော့ကို အထူးအဆန်းသဖွယ် တစ်ယောက်ပြီးတစ်ယောက် လှည့်၍ ကြည့်ကြလေတော့သည်။

ဦးစံကျော့သည် ဘုရားရှိခိုးလျှင် အလွန်ကြာ

www.burmeseclassic.com

www.burmeseclassic.com



တတ်သော မစယ်ကို သည်အတိုင်း စောင့်နေမည့်အစား ဇရပ်ပေါ်မှ ဘုရားလူကြီးများနှင့် တွေ့ရာလေးပါး ထိုင်ပြောရလျှင် ကောင်းမည်ဟု အကြံဖြစ်လျက် ထိုအနီးသို့ လျှောက်သွားမိလေ၏။ ဇရပ်ပေါ်မှ ဘုရားလူကြီးများ သူ့အား တအံ့တသြ လှမ်းကြည့်နေသည်ကို မြင်လျှင် ဦးစံကျော့သည် ပြန်လည်၍ ပြုံးရယ်ပြလိုက်၏။

သို့သော် ထိုလူများ၏ မျက်နှာတွင် တစ်စုံတစ်ခုကို စိတ်ညစ်နေကြသလို ကြံရာမရ ဖြစ်နေဟန် အရိပ်အယောင်များ တွေ့လိုက်ရပြီး၊ သူ့အား ရုတ်တရက် မည်သူမျှ ပြုံးပြနှုတ်ဆက်ခြင်း မရှိသည်ကိုလည်း သူ သတိပြုလိုက်မိလေသည်။

"ခီများတို့ ကြည့်ရတာ စိတ်ညစ်နေပုံပဲ၊ ဘာတွေ စိတ်ညစ်နေလဲ၊ ဝကို ပြောပါဦး၊ ဝ ရောက်လာရင် အားလုံး အီဆင်ပြေသွားမယ်"

ဦးစံကျော့၏ ပြုံးရွှင်သော အမူအရာနှင့် လောကွတ်စကားကိုကြားလျှင် ထိုလူများမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။



ထိုအထဲမှ ဦးစံကျော့နှင့် ရင်းနှီးပြီး၊ အိမ်နီးချင်းလည်းဖြစ်သော ဘုရားလူကြီး ဦးအုန်းသန်းက ...

"အတော်ပဲ ပေါက်ဖော်၊ တို့ အခု ကြုံနေရတဲ့ ကိစ္စတစ်ခုမှာ အခက်အခဲ ရှိနေလို့၊ မင်း တာဝန်ယူနိုင်ရင် တာဝန်ယူပါလား"

ဟု ပြောလိုက်၏။ ဦးစံကျော့သည် ထိုစကားကို ကြားသောအခါ စိတ်တွင်းမှ အတော်ကလေး တက်ကြွကာ လိုလိုချင်ချင် ပုံစံနှင့်ပင်။

"ဘာအခက်အခဲလဲ၊ ဝ တာဝန်သာ ထားစမ်းပါ"

ဟု လိုက်လိုက်လှဲလှဲ ပြန်ပြောလိုက်လေတော့သည်။ ဘုရားလူကြီးများမှာ ဦးစံကျော့၏ မျက်နှာကို မယုံမရဲ ကြည့်ရင်း ...

"တကယ် သေချာလို့လား ပေါက်ဖော်"

ဟု မေးပြန်လေသည်။ မည်သို့ ဖြစ်လေသည် မသိ။ ဦးစံကျော့သည် ဝမ်းသာအားရ ခေါင်းညိတ်၍ ကတိပေးလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝ တီကယ် ပြောတာပါ၊ ဘာကိစ္စပဲဖြစ်ဖြစ် ဝ တာဝန်ယူမယ်၊ ကောင်းတဲ့ကိစ္စဆို ဝ သေသေချာချာ တာဝန်ယူပါ့မယ်"

ဘုရားလူကြီးများမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ...

"ဒါဆို ဒီကိစ္စကို ပေါက်ဖော်ကိုပဲ တာဝန်ပေးလိုက်ကြရအောင်"

"ကောင်းတယ် ... ကျုပ်တို့ သဘောတူတယ်၊ ဒါ ... ပေါက်ဖော်အတွက်လည်း ကောင်းတဲ့ ဥစ္စာပဲ၊ ကျုပ်တို့ချည်းပဲဆို တာဝန်ယူမယ့်သူ မရှိလို့ ခေါင်းရှုပ်နေရတာ"

"ဒါဆို ... အဲဒီအတိုင်း ဆုံးဖြတ်ချက်ဟာ အတည်ဖြစ်သွားပြီပေါ့"

ဦးစံကျော့သည် ပြုံးပြုံးပြုံးပြုံးနှင့် အတော်လေး ကျေနပ်နေလေသည်။ ထို့နောက် ဘုရားရှိခိုးနေသော မစယ်ထံသို့ သွားကာ အကျိုးအကြောင်း ပြောရန် စိတ်ကူးလိုက်၏။



"မစယ် ... မင်းကို ပြောပြရဦးမယ်"

ဟု ဆိုလိုက်လေလျှင် မစယ်သည် သူ့အား သေသေချာချာ ကြည့်ပြီး မေးလိုက်၏။

"ဘာပြောမလို့လဲ၊ ရှင့်မျက်နှာကလည်း ပြုံးပြုံး ပြုံးပြုံးနဲ့ ဘာတွေ သဘောကျလာတာလဲ"

"ဇရပ်ပေါ်မှာ ဘုရားလူကြီးတွေ အတော်လေး စိတ်ညစ်နေလယ်၊ အဲဒါ ဝသွားမေးတော့ ကိစ္စ တစ်ခုရှိလို့ သူတို့ မဖြေရှင်းနိုင်လို့တဲ့၊ ဝလည်း မီနေနိုင်တာနဲ့ ဝ တာဝန်ယူတယ်၊ ဒီကိစ္စ ဝ တာဝန်ထားလို့ ပြောလိုက်တယ်"

ထိုအခါ မစယ်သည် အံ့သြသွားကာ...

"ရှင်က ဘာကိစ္စမို့ တာဝန်ယူမယ်လို့ ကတိခံခဲ့ရတာလဲ၊ ပြောစမ်းပါဦး"

ဟု မေးလိုက်ရာ ဦးစံကျော့မှာ ဘာပြန်ပြောရမှန်း မသိဘဲ တုံ့ဏှိဘာဝေ လုပ်နေလေသည်။

ထိုအခါ မစယ်သည် စိတ်မရှည်တော့ဘဲ ဘုရားလူကြီးများ စကားပြောနေရာ ဇရပ်ပေါ်သို့ ခပ်

www.burmeseclassic.com

www.burmeseclassic.com



သုတ်သုတ် တက်သွားလေတော့၏။

အမှန်တွင် ဦးစံကျော့သည် သူ တာဝန်ယူခဲ့ရသော ကိစ္စကို သူကိုယ်တိုင် ဂဃနဏ မသိရသေးသောကြောင့် မပြောနိုင်ခြင်းပင် ဖြစ်၏။

သို့သော် သူသည် မသိရသေးသော အမှုကိစ္စကို တာဝန်ယူလိုက်ရခြင်းအတွက် အလွန်ပျော်ရွှင်ဝမ်းမြောက်ပြီး ဂုဏ်ယူနေမိလေသည်။ သူသည် ထိုတာဝန်ကို လိုလိုလားလား ယူခဲ့ပြီး များစွာ ကျေနပ်မိခြင်းသည် ထူးဆန်းနေသော်လည်း ထူးဆန်းသည်ဟု မထင်မိချေ။



"အမလေး ... ကိုစံကျော့ရယ်၊ ပြောကို မပြောချင်တော့ပါဘူး"

ဇရပ်ပေါ်မှ ဆင်းလာလာချင်း ပြောလိုက်သော မစယ် စကားကြောင့် ဦးစံကျော့မှာ ရုတ်တရက် ကြောင် သွားလေသည်။

"မီပြောချင် မီပြောနဲ့လေကွာ..."

"မပြောလို့ မရဘူးတော့၊ မရဘူး သိရဲ့လား"

မစယ်သည် ဘုရားဂေါပကလူကြီးများ ပြောလိုက်သော စကားကို ပြန်ကြားယောင်မိလေသည်။

"ဒီလို ... မစယ်ရဲ့ ကျုပ်တို့ ဆရာတော်ကြီးက-

www.burmeseclassic.com

www.burmeseclassic.com



ဒီ ဘုရားဝင်းထဲက ဟိုဘက်မြေလွတ်မှာ ရုပ်ထော်မူ ဘုရားကြီးနဲ့ ကျောင်းဆောင်တစ်ခု တည်ချင်တယ်၊ အဲဒါ မတည်မယ့် ဒကာ အလိုလို ပေါ်လာလိမ့်မယ်လို့လည်း အိပ်မက် မြင်ထားတယ်တဲ့၊ အဲဒါ … ကျုပ်တို့အားလုံး ဝိုင်းစဉ်းစားရင်း ကြံရာမရ ဖြစ်နေတုန်း နင့် ယောကျ်ား ပေါက်ဖော်က ဒီကိစ္စ သူ တာဝန်ယူပါရစေလို့ ဝင်ပြောလိုက်တာပဲ”

ထိုစကားကို ကြားရသောအခါ မစယ်၏ ရင်ထဲတွင် ကြည်နူးပီတိ ဖြစ်ခြင်းနှင့်အတူ တစ်ဆက်တည်းပင် ဖြစ်နိုင်ပါ့မလားဟူသော စိတ်ကြောင့် စိုးရိမ်ပူပန်သွားမိလေသည်။ ထို့ကြောင့် မမေးမမြန်းဘဲ တာဝန်ခံခဲ့သော ယောကျ်ားဖြစ်သူ စိတ်ခုသွားမိလေတော့သည်။

✸

“ဘုရားတည်တာများ လွယ်တဲ့ကိစ္စ မှတ်နေသလား၊ ငွေက သောင်းနဲ့ချီ ကုန်မှာ၊ ဘယ်မလဲ



ရှင့်မှာ ပိုက်ဆံ၊ ဒီလိုပြောတော့ ကျွန်မက အလှူအတန်းကို လိုက်ပိတ်ပင်တဲ့ ပြိတ္တာမ ဖြစ်ဦးမယ်၊ မလှူချင်လို့ ပြောတာ မဟုတ်ဘူး၊ ရှင့်အလှူကြီးက မနိုင်ဝန်ကြီး ဝင်ထမ်းသလို ဖြစ်နေပြီ သိရဲ့လား”

မစယ်သည် ဦးစံကျော့အား တစ်လမ်းလုံး မြည်တွန်တောက်တီးလာလေသည်။ ဦးစံကျော့မှာ သူ့ကို ပြောခြင်း မဟုတ်သည့်အလား နှုတ်ဆိတ်ကာ လိုက်ပါလာလေတော့သည်။ မစယ်မှာ မိန်းမသားပီပီ ဘုရားဒကာ၊ ဘုရားအစ်မ ဟူသော ဂုဏ်ကို မက်မောသော်လည်း လှူရမည့် အလှူမှာ များပြားလှသော ငွေပမာဏကို သုံးရမည်ဖြစ်၍ စိုးရိမ်ပူပန်နေမိ၏။ ဦးစံကျော့ကတော့ ထိုအလှူမှာ ငွေ အရင်းအနှီးများသော်လည်း အလွယ်တကူ အဆင်ပြေလိမ့်မည်ဟု ယုံကြည်နေမိတော့သည်။ လင်မယားနှစ်ယောက်မှာ တစ်ယောက်လျှင် အတွေး တစ်မျိုးစီရောက်လျက် ဘုရားမှ ပြန်လာခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏စိတ်သည် သူ၏ ကံကြမ္မာကို အဓိပ္ပာယ်ပြည့်ဝလာအောင် ဖော်ဆောင်နိုင်သလား မပြောတတ်။ ထိုနေ့မှစပြီး သူတို့၏ ကုန်ခြောက်ဆိုင်ကလေးမှာ ပစ္စည်းပစ္စယ တော်တော်စုံစုံ တင်ထားနိုင်သော ကုန်စုံဆိုင်စစ်စစ် ဖြစ်လာသည့်အပြင် ဦးစံကျော်မှာ ပဲခူးသို့ ဈေးသွားတင်တိုင်း သနပ်ဖက်နှင့် ဆေးစ[...]များ ဝယ်လာကာ အိမ်တွင် မိသားစု တစ်ပိုင်တစ်နိုင်ဝ[...] ဆေးလိပ်လိပ်ကြလေသည်။ ထို့နောက် ပဲခူးမြို့ရှိ နာမည်ကြီး ခြူးကမ္ဘာဆေးလိပ်ခုံသို့ သွားသွင်းရာ အပိုဝင်ငွေ တစ်ခု တိုးလာလေသည်။ ဆီ၊ ငရုတ်၊ ကြက်သွ[...]



စသော မဖြစ်မနေ ကုန်ခြောက်ကလေးများအပြင် အုန်းသီး၊ ငှက်ပျောသီး စသော ဒေသထွက်ကုန်များကို လည်း ဆိုင်တွင် ရောင်းချပေးလေသည်။

အလုပ်အကိုင် အဆင်ပြေသောကြောင့် မစယ်နှင့် သူ့သမီး မဖူးညွန့်မှာ ရွှေတွဲလွဲ၊ ငွေတွဲလွဲ ဖြစ်လာလေသည်။ သို့သော် မစယ်သည် အနေအထိုင် အင်မတန် ဆော့စပ်သေချာလေသည်။ သွားစရာ လာစရာ ရှိမှ သားသမီးများကို လူတန်းစေ့ ထုတ်ဆင်တတ်ပြီး ကျန်သည့် အချိန်တွင် ရိုးရိုးကုပ်ကုပ်သာ နေ၏။

သူတို့အိမ်လေးမှာလည်း ယခင်ကဲ့သို့ပင် မြေစိုက် ပျဉ်ထောင်အိမ်လေး ဖြစ်ကာ ဈေးဆိုင်နှင့် တွဲရက်မို့ မြေကြီးတစ်ဝက်၊ ပျဉ်ခင်းတစ်ဝက်နှင့်ပင် ဖြစ်လေသည်။

တစ်နေ့တွင် ဘုရားဂေါပက အဖွဲ့ဝင်ဖြစ်သော ဦးအုန်းသန်းသည် ဦးစံကျော့၏အိမ်သို့ ရောက်လာ၏။

"ဖေါ်ကိုဖော်ကြီးရေ … ကျုပ်တို့ အလုပ်စရ လိမ့်မယ် ထင်တယ်၊ အခုပဲ ဆရာတော်ကြီးက မင်းကို အခေါ်ခိုင်းလိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသန်း၏စကားကို ကြားလျှင် ဦးစံကျော့ မိန်းမ မစယ်မှာ 'ဟော' ဟု အာမေဍိတ်သံ ပြုပြီး ရေစည်ဘေးတွင် ရေခပ်နေသော ဦးစံကျော့ကို လှမ်း၍ ကြည့်လိုက်လေသည်။ ထိုအခါ ဦးစံကျော့က မစယ် အား…

"မိန်းမရေ … ဝ တီယောက်တည်းတော့ မဖြစ်ဘူး ထင်လယ်နော်၊ ဝ ဘုန်းကြီးနဲ့ စကား ကောင်းကောင်း မပြောတတ်ဘူး၊ မင်းပါ လိုက်ခဲ့ကွာ"

ဟု ဆိုလိုက်ရာ မစယ်က မျက်စောင်းတစ်ချက် ထိုးလိုက်လေသည်။ မစယ်သည် အလွန်စိတ်ပူလျက်ရှိ နေသည့်အပြင် ဦးစံကျော့၏ အေးတိအေးစက်ပုံကို မြင် ရသောအခါ ပို၍မင် စိတ်တိုမိလေသည်။

ထို့နောက် သူတို့လင်မယားသည် ဦးအုန်းသန်း နှင့်အတူ ဆရာတော်ကြီး ကျောင်းတိုက်သို့ လိုက်ခဲ့ကြ လေတော့၏။

ဆရာတော်ကြီးသည် ဦးစံကျော့တို့ လင်မယား



ကို ဝမ်းသာလှိုက်လှဲစွာ ကြည့်ပြီး ဘုရားတည်မည့် ကိစ္စ ကို အေးဆေးစွာ မိန့်ကြားလေသည်။ ဘုရားတည်ရာတွင် အသုံးပြုမည့် ဘိလပ်မြေ၊ ထုံး အစရှိသည့် ပစ္စည်းများမှ စ၍ ကျောင်းဆောင်အတွက် သွပ်၊ သံ၊ သစ် စသည် တို့ကို ဝယ်ယူရန်နှင့် ပန်းရံသမားများ ငှားရေးအတွက်ပါ သူ စဉ်းစားမိသည့် အစီအစဉ်ကို အသေးစိတ် မိန့်ကြား လေသည်။

"ပစ္စည်း ဝယ်တာ ခြမ်းတာကတော့ ဒကာကြီး တို့ အပိုင်းပေါ့လေ၊ ဒကာ မောင်စံကျော့က ဂေါပကတွေနဲ့ တိုင်ပင်ပြီး၊ ပဲခူးမှာ သွားဝယ် ပေါ့၊ ဘုန်းကြီးနဲ့သိတဲ့ ဆိုင်လည်း ရှိပါတယ်၊ အဲဒါ ပထမအဆင့်ပေါ့၊ ကျောင်းဝင်းထဲမှာ ဘုရားကုန်းမြေ သန့်တာတွေဘာတွေက ဘုန်းကြီးပဲ ကြည့်လုပ်လိုက်ပါ့မယ်၊ ပန်းရံက တော့ ပဲခူးက ပန်းရံဆရာ ဦးသံခဲဆိုတာ ဘုန်းကြီးရဲ့တပည့် ဒကာ အရင်းကြီးပဲ၊ သူ့အဖွဲ့ ထဲက အောင်ညွှန့်ဆိုတဲ့လူပေါ့၊ ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်သိမ်ဆောက်တုန်းက နံ့ရုံပန်းချီ ရေးသွားတာ၊ သိပ်တော်တာပဲ"

မစယ်သည် ဆရာတော်ကြီး မိန့်ကြားသော စကားများအား စိတ်ဝင်တစား နားထောင်ရင်းမှ သူ့ယောကျ်ားကို မေးလျှင် ဘာမှထူးမည်မဟုတ်သော မေးခွန်းအား ဆရာတော်ကြီးထံသို့ မေးလျှောက်ရန် စိတ်ကူးပေါ်လာလေ၏။ ထို့ကြောင့် ပုခုံးပေါ်မှ ရှောစောင်တဘက်ကို အသာဆွဲယူရင်း ဆရာတော်ကြီး ထိုင်နေသော ပက်လက်ကုလားထိုင်ခြေတင်အနီးသို့ တိုးရွှေ့သွားကာ ...

"တစ်ခုလောက် လျှောက်ပါရစေဘုရား"

ဟု စကားစလိုက်လျှင် ဆရာတော်ကြီးက အနီးရှိ ထွေးခံကို ယူလိုက်ပြီး ပါးစောင်အတွင်းမှ ကွမ်းဖတ်နီညိုညိုများကို ထွီကနဲ ထွေးလိုက်၏။ ပြီးမှ ...

"ဘာများ လျှောက်ချင်လို့လဲ ဒကာမကြီး လျှောက်လေ၊ ဒကာမကြီးယောကျ်ားကတော့ ဘုန်းကြီးနဲ့စကားပြောချင်ရက်မပြောတတ်ပုံပဲ"



ဟု မိန့်လိုက်၏။

"မှန်ပါ့ဘုရား၊ တပည့်တော်မယောကျ်ားက လူ အချင်းချင်း စကားပြောတာတောင် လိပ်ပတ်လည်တဲ့လူ မဟုတ်ပါဘူးဘုရား၊ ဒါကြောင့် လိုရင်းကို တပည့်တော်မပဲလျှောက်ပါ့မယ်၊ ဒီဘုရားတည်တဲ့ ကိစ္စအဝဝအတွက် ခန့်မှန်းငွေ ဘယ်လောက်ကုန်ကျမလဲ သိပါရစေ ဘုရား"

မစယ်၏ စကားဆုံးသောအခါ ဆရာတော်ကြီးသည် ပက်လက်ကုလားထိုင် လက်တန်းကို လက်ညှိုးထိပ် လက်သည်းကလေးနှင့် တတောက်တောက် ခေါက်ပြီး အတန်ကြာ စဉ်းစားနေလေသည်။ ကုန်ကျငွေကို စိတ်မှန်းနှင့် တွက်နေခြင်းလည်း ဖြစ်နိုင်၏။ ခဏကြာသောအခါမှ ...

"ဘုရားတည်တာက နှစ်နှစ်လောက်တော့ အချိန်ယူရမယ် ဒကာမကြီး၊ ကုန်ကျငွေ ခန့်မှန်းရတာတော့ နှစ်ထောင်အကျော်မှာပဲ ရှိလိမ့်မယ်၊ အင်း ... နှစ်ထောင်လောက်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး စကားဆုံးသောအခါ မစယ်မှာ မျက်လုံးပြူးသွားပြီး ဦးစံကျော့ဖက်သို့ ယောင်ယမ်းကာ လှည့်ကြည့်လိုက်မိလေတော့သည်။ ထိုခေတ်က ငွေနှစ်ထောင်မှာ အလွန်များပြီး စီးပွားရေးအသင့်အတင့်ပြေလည်သော သူတို့၌ပင် တစ်ရာပြည့်အောင် မရှိတတ်ချေ။

"အဲဒါ … လာမယ့်ဥပုသ်နေ့ကျရင် ဒကာကြီးက ဦးအုန်းသန်းနဲ့ ပဲခူးလိုက်သွား၊ လိုအပ်တဲ့ ပစ္စည်းတချို့ကို အရင်ဝယ်ဖို့ အဖိတ်နေ့ကို ပထမအရစ် ငါးရာ၊ ဂေါပကတွေဆီ ပေးထားလိုက် ဟုတ်ပြီလား"

ဦးစံကျော့သည် မည်သို့ ဖြေရမှန်း မသိဘဲ၊ ခေါင်းညိတ်ပြလိုက်လျှင် မစယ်မှာ သတိဝင်လာပြီး…

"တင် … တင်ပါ့ဘုရား"

ဟု ကပျာကယာ လျှောက်ထားလိုက်ရလေတော့သည်။



မစယ်သည် လဆန်းခြောက်ရက်နေ့တွင် မနက်အစောကြီးနိုးကာ မနက်စာအတွက် ထမင်းကြော်နေသော ဦးစံကျော့အနီးတွင် ခွေးခြေခုံပုလေးတစ်လုံး ဆွဲထိုင်ကာ…

"ဒကွပဲ … ကိုစံကျော့ရယ်"

ဟု မကြာခဏ ညည်းညူနေလေသည်။ အတော်လေးကြာလာသောအခါမှ ဦးစံကျော်က …

"မျက်စိနှစ်လုံးပွင့်လာကတည်းက အဲဒါပဲဆိုနေတာ အခါ သုံးဆယ်ကျော်သွားပြီ၊ အဲဒါ ဘုရားစာလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လျှင် မစယ်သည် အလွန် စိတ်ဆိုး သွားလေတော့၏။ စိတ်မရှည်နိုင်တော့ဘဲ ...

"ဒီနေ့ ... လဆန်းခြောက်ရက် ရောက်ပြီရှင့် သိရဲ့လား ... သိရဲ့လား"

ဟု ခက်ထန်ထန် အော်လိုက်ရာ ဦးစံကျော့မှာ လန့်ဖျပ်၍ပင် သွားလေတော့သည်။

"ဒီနေ့ လဆန်းခြောက်ရက်ဆိုတာ ဝ သိသားပဲ၊ ဘာဖြစ်လို့ အော်ရတာလဲ မစယ်"

"မနက်ဖြန် လဆန်း ခုနစ်ရက်၊ အဖိုတ်နေ့၊ ဆရာတော်ကျောင်းကို ငွေငါးရာ သွားပို့ရမယ်၊ ဘယ်မလဲ ပိုက်ဆံ ..."

ဦးစံကျော့သည် မစယ်၏ စကားကို ကြားလိုက်ရလျှင် အလွန်အံ့ဩသွားလျက် ပါးစပ်အဟောင်းသားနှင့် ငေးငိုင်နေလေတော့သည်။

ထို့နောက် သူ၏ဆိုင်အတွင်းမှ ပိုက်ဆံသေတ္တာ အမည်းကလေးထဲမှ ငွေများကို အကြွေပင်မချန်ဘဲ ယူလာခဲ့ပြီး အိပ်ရာခေါင်းရင်းရှိ စုဗူးထဲမှ ငွေနှင့်ပေါင်းပြီး



ရေတွက်ကြည့်ရာ ရှစ်ဆယ်ကျော်သာ ရှိသည်ကို တွေ့ရလေသည်။

"ဘယ့်နှယ်လုပ်မလဲ ကိုစံကျော်၊ ပထမအရစ် ငါးရာတင်ပဲ ကျွန်မတို့ ခက်နေကြပြီ မဟုတ်လား၊ အင်းလေ ... ကတိခံပြီးမှ ဘာ တတ်နိုင်မလဲ၊ မဖြစ်ဖြစ်အောင် ကြံရမှာပဲပေါ့"

မစယ်သည် ပြောပြောဆိုဆို အိမ်ခန်းအတွင်းသို့ ဝင်သွား၏။ ခဏအကြာ အိမ်ခန်းထဲမှ ပြန်ထွက်လာရာ မစယ်လက်ထဲတွင် လက်ကိုင်ပုဝါနှင့် ထုတ်ထားသော ပစ္စည်းတစ်ခုကို သူ တွေ့လိုက်ရလေသည်။

"ဒါ ... ကျွန်မ ဘိုးဘွားမိဘတွေ အစဉ် အဆက် ထိန်းသိမ်းခဲ့တဲ့ အမွေပစ္စည်းတစ်ခုပဲ၊ ကျွန်မ မိဘတွေဟာ သေရေးရှင်ရေးဖြစ်တာ တောင် ဒီပစ္စည်းကို မထုခွဲခဲ့ဘူး၊ အခု ကျွန်မ လက်ထက်ရောက်မှ ဒီပစ္စည်းကို ရောင်းရမှာ စိတ်မကောင်းစရာဘဲ၊ ဒါပေမယ့် ဘာတတ်နိုင် မှာလဲ၊ ဒါ အလှူလုပ်ဖို့ပဲဆိုတဲ့ စိတ်စေတနာ

www.burmeseclassic.com



သန့်သန့်နဲ့ ဒီပစ္စည်းတွေအပေါ် ဇွဲလမ်းမက်မော ခြင်းတွေကို ဖြတ်တောက်ပစ်လိုက်ပြီ၊ ရှင် ရဲ့ ချင်တန်းချင်တာ ကျွန်မ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကိုယ် မနိုင်တဲ့ တာဝန်ကြီး ယူထား ရတော့ စိတ်လည်း မောမိတယ်၊ ကဲပါ ... ဒါကို ရောင်းရင် ပထမအရစ်အတွက် ငွေပေး ဖို့ ရလာမှာပါ"

ဦးစံကျော့သည် မစယ်အား လွန်စွာနှမြောတွန့် တိုလှသည်မှာ မှားပြီဟု နောင်တရမိလေသည်။ ထို့အတူ ကြည်နူးပီတိနှင့်အတူ စိတ်မကောင်းလည်း ဖြစ်မိပြန်၏။

"မင်းလက်ကောက်ကို ဝ အီဆင်ပြေတာနဲ့ ပြန် ဝယ်ပေးဝါ့မယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့၊ ဒါ ကုစိုရမယ့် ကိစ္စပဲ"

"ကုသိုလ်ရှမှန်းတော့ ကျွန်မလည်း သိပါတယ် ရှင်၊ ဒါပေမယ့် ဒီပစ္စည်းမျိုးက ပိုက်ဆံရှိတိုင်း ပြန်ဝယ်လို့ ရတာမျိုး မဟုတ်ဘူး၊ ဒါ ကျွန်မ အဘွား ငယ်ငယ်က ရွှေတိုက် စာရေးကြီး



အိမ်တော်မှာ ခစားနေတုန်း ချီးမြှင့်ခံရတဲ့ဆုရှင့်၊ အဲဒီတုန်းက အပျိုတော်တွေထဲမှာ နဂါးခေါင်း လက်ကောက်တစ်ရံနဲ့ ကြိုးချိတ်ထမီရတာ အဘွားတစ်ယောက်တည်းပဲ၊ ဒါကို ဂုဏ်ယူတဲ့ အနေနဲ့ အမြတ်တနိုး သိမ်းထားတာ"

ဦးစံကျော့သည် သူ့မိန်းမ ပြောပြသော လက် ကောက်ရာဇဝင်ကို ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ငေးကြည့်နေလေသည်။

"ကဲပါ ... ဒါတွေ ရှင်သိလည်း ဘာမှ ထူး မလာပါဘူး၊ ဒါကိုသာ ပဲခူးက ယန်းတိမ်ဆရာ ဦးကြွယ်ဆီသွားပြီး တန်ဖိုးဖြတ်ခိုင်း၊ ရောင်းရ ငွေကို သွားသာ လှူလိုက်တော့ရှင်"

ဟု ပြောလိုက်လေတော့၏။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဦးစံကျော့မှာ လက်ကောက်အား ပဲခူးမြို့ရှိ မိတ်ဆွေဖြစ်သူ ပန်းတိမ်ဆရာကြီး ဦးကြွယ်ထံသို့ သွားပြ၍ အရောင်းအဝယ်လုပ်ရန် ပြောကြရာ ဦးကြွယ်သည် သူနှင့် အင်မတန်ရင်းနှီးသော သူဌေးဦးစိန်သီးထံသို့ ခေါ်သွားလေသည်။

ဦးစိန်သီးသည် လက်ကောက်ကို မြင်သည်နှင့် နန်းတွင်းပန်းတိမ်ကျော်တို့၏ လက်ရာဖြစ်ကြောင်း အတတ်သိ၏။ ထို့ကြောင့် ဦးစံကျော့တောင်းသည့်ဈေး အတိုင်း မဆစ်ဘဲ ပေးလိုက်လေတော့သည်။

ဦးစံကျော့သည် ကျိုက်ထိုသို့ ပြန်လာပြီး နောက်



တစ်နေ့တွင် ဘုရားလှူကြီးများထံသို့ ငွေငါးရာ သွားလှူလိုက်ကာ ကျန်သောငွေနှင့် ပဲခူးသို့ ဈေးသွားတင် လေတော့သည်။

သူ ဈေးသွားတင်ရာတွင် ယခင် ဝယ်ယူနေကျကုန်ခြောက်များအပြင် ပဲခူးမှ ငါးပိ၊ ငါးခြောက်နှင့် အခြား ကုန်များကို တင်လာခဲ့လေသည်။

အရပ်ထဲမှ လူများသည် တစ်နေ့တခြား ပိုမို ပြည့်စုံလာသော ကုန်စုံဆိုင်ကို သတိပြုမိကြလေသည်။ သို့သော် ဦးစံကျော့ဟူသော တရုတ်ကြီးမှာ မည်သို့မျှ မပြောင်းလဲဘဲ ဈေးဝယ်သူများကို ပိုပိုသာသာပေးကာ စိတ်ရှည်လက်ရှည် ရောင်းချပေးမြဲပင်။

ဦးစံကျော့၏သား ကြီးငွေနှင့် ကြီးရွှေမှာ ဈေးရောင်းခြင်းကို စိတ်မပါသော်လည်း ကြီးငွေက သူ့အဖေ ဈေးရောင်းသော ဆိုင်ခန်း တစ်နေရာတွင် 'အကြွေး သည်းခံပါ' ဟူသော စာကို ဘီစကွတ်မုန့် ထည့်သော စက္ကူပုံးမှ ကတ်ထူတစ်ချပ်ပေါ်တွင် ရေးကာ ကပ်ထား ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဈေးဝယ်သူများမှ ဦးစံကျော့အကြောင်း သိပြီး ဖြစ်သည့်အတွက် စာရေးသည်ဖြစ်စေ၊ မရေးသည်ဖြစ်စေ အကြွေးမဝယ်ရဲကြချေ။

မဖူးညွန့်သည် အငယ်ဆုံး ညီမလေး မယ်ခအား ရေမိုးချိုးပေးခြင်း၊ သနပ်ခါးလိမ်း၊ ထမင်းကျွေးခြင်းတို့ အပြင် အိမ်ဗာဟီရများကို လုပ်ရလေသည်။ မစယ်မှာ အိမ်၌ ချက်ပြုတ်နေသော မဖူးညွန့်အား ဟိုဟိုသည်သည် ညွှန်ကြားခြင်းအပြင် တစ်ခါတရံ ဆိုင်သို့ရောက်လာပြီး⋯

"ဆီအိုးကို ဒီလိုထားရင် ပုရွက်ဆိတ် တက်မှာပေါ့၊ ကြက်သွန်ခွံတွေ ပွနေတယ်၊ ငရုတ်သီး အညှာတွေလည်းရှင်းပါဦး၊ ထန်းလျက်တောင်းနဲ့ အင်ဖက်တွေ နောက်ဖေးမှာ ထပ်ထား၊ ကြက်တင်းခံရမယ်"

စသဖြင့် လာရောက် ညွှန်ကြားပေးလေ့ရှိ၏။ သို့သော် ဆိုင်တွင် တစ်ခါမှ ဖင်ပူအောင် မထိုင်ချေ။

တစ်နေ့တွင် အိမ်ထဲ၌ ဦးစံကျော့ ထမင်းသွားစားနေခိုက် ဆိုင်တွင် မစယ် စောင့်ပေးနေရလေသည်။



ထိုအချိန်တွင် သူတို့နေသော တံတားဦးအရပ်ထဲမှ ဒေါ်ညိုမယ်ဆိုသူ အဘွားကြီးတစ်ယောက် ရောက်လာလေသည်။

ဒေါ်ညိုမယ်သည် ဈေးဝယ်သူများကဲ့သို့ ဆိုင်ပြင်တွင် မရပ်ဘဲ ဆိုင်အတွင်းသို့ ဝင်လာကာ ခေါင်းပေါ်မှ ခေါင်းပေါင်းကိုချ၍ ရေအိုးထဲမှ ရေတစ်ခွက်ခပ်ပြီး သောက်လေသည်။

ထို့နောက် စကားတစ်ခွန်းမှ မပြောသေးဘဲ ခေါင်းပေါင်းစနှင့် အေးအေးလူလူ ယပ်ခတ်နေ၏။ မစယ်မှာ ဒေါ်ညိုမယ်၏ လုပ်ကိုင်ဆောင်ရွက်ပုံ အဆင့်ဆင့်ကို ကြည့်၍ စိတ်မရှည်တော့ဘဲ ⋯

"ဘာဝယ်မလို့လဲ အဒေါ်"

ဟု မေးလိုက်တော့၏။ ထိုအခါ ဒေါ်ညိုမယ်က မစယ်အား သေသေချာချာကြည့်ပြီး မေးလိုက်လေသည်။

"အရေးကြီးကိစ္စရှိလို့ပါ၊ ပေါက်ဖော်ရော"

"ထမင်းသွားစားနေတယ်၊ ကိစ္စရှိရင် ကျွန်မကို ပြောလို့ ရပါတယ်"

www.burmeseclassic.com



မစယ်၏ အသံသည် စိတ်ဆိုးမာန်ဆိုး ဖြစ်သွားသလို အနည်းငယ် မာထန်သွားလေသည်။

ဒေါ်ညိုမယ်သည် သူတို့နှင့် သိပ်ရင်းနှီးသူများ မဟုတ်သည့်အပြင် လာလေ့မရှိတာကြောင့် မစယ်မှာ လာရင်းကိစ္စကို သိလိုစိတ် ပြင်းပြနေလေသည်။

ထို့ကြောင့် ကိစ္စကို ချက်ချင်း မပြောဘဲ ဇွေ လည်ကြောင်ပတ်လုပ်နေသော အဘွားကြီးအား စိတ်မရှည်သလို ဖြစ်မိလေသည်။

ထိုစဉ် ဦးစံကျော့မှာ ထမင်းစားပြီး ဆိုင်ဖက်သို့ ဆင်းလာရာ ဒေါ်ညိုက …

"ဟော … ပေါက်ဖော်ကြီးတောင် လာပြီ၊ အင်း ဘာကိစ္စဖြစ်ဖြစ် လင်စုံမယားဖက်ရှိတုန်း ပြောမှ ကောင်းတာ၊ လာ … လာ"

ဟု ဆိုလိုက်လေသည်။

ထို့နောက် ဒေါ်ညိုမယ်က ဦးစံကျော့နှင့် မစယ် အား…

"ကိစ္စက အခြားမဟုတ်ဘူး၊ ပစ္စည်းတစ်ခု



ပေါင်ချင်လို့ပဲ"

ဟု ဆိုလိုက်လျှင် ဦးစံကျော့၏ မေးစင်းနေသော မျက်လုံးများမှာ အနည်းငယ် ပြူးကျယ်လာပြီး အံ့သြသလို ဖြစ်သွားမိလေသည်။

"ဝ တီသက်လုံး ဈေးပဲ ရောင်းတာပါ၊ ပစ္စည်း တီခါမှ အီပေါင်မခံဘူး၊ တီခြားလူဆီမှာ သွား ပေါင်ကြည့်ပါလား"

"တခြား ဘယ်သူ့ဆီမှာမှ မပေါင်ချင်ဘူး ပေါက်ဖော်ကြီး၊ ဒီပစ္စည်းကို တစ်ရာနဲ့ ပေါင် ချင်တယ်"

ထိုအခါ ဦးစံကျော့သာမက မစယ်ပါ မျက်လုံး ပြူးသွားလေတော့သည်။

"တီရာ … ဟုတ်လား၊ ဝဆီမှာ တီရာတောင် ဘယ်ဆိမှာလဲ"

"နေပါဦး … တစ်ရာနဲ့ ပေါင်မယ်ဆိုတဲ့ အဒေါ့ပစ္စည်းက ဘာမို့လဲ၊ ပြပါဦး"

မစယ် စကားအဆုံးတွင် ဒေါ်ညိုက ကတ္တီပါ

www.burmeseclassic.com

www.burmeseclassic.com



ရှုံ့အိတ်နှင့် ထည့်လားသော ပစ္စည်းကို ထုတ်ပြလိုက်လေတော့သည်။

ထိုပစ္စည်းမှာ မစယ်၏ ရောင်းလိုက်ရသော လက်ကောက်ထက် အရွယ်အစားပိုကြီးသော နဂါးခေါင်း လက်ကောဏ်တစ်ရံပင် ဖြစ်လေသည်။ မစယ်မှာ လက်ကောက်တစ်ရံအား မျက်တောင်မခတ်ဘဲ အသေအချာ စိုက်ကြည့်နေမိတော့၏။

မစယ်သည် မိန်းမသားပီပီ လက်ကောက်ကို လိုချင်မက်မောမိလေ၏။ ဦးစံကျော် မှာ ဇနီးဖြစ်သူ၏ အမူအရာကို ရိပ်စားမိလိုက်သည်။

ထို့နောက် မစယ်သည် ဦးစံကျော်အနီးသို့ ကပ်ကာ ...

"ဒါ ... ရှေးလက်ရာတော့၊ ရွှေကလည်း ကောင်းတယ်၊ ကျွန်မတော့ ဒီလက်ကောက်မျိုး ရရင် အပိုင်တောင် ဝယ်ထားလိုက်ချင်တယ်"

ဟု တိုးတိုးကပ်ပြောလိုက်လေသည်။ ဦးစံကျော် မှာ သက်ပြင်းတစ်ချက် ချလိုက်ပြီး၊ ပိုက်ဆံသေတ္တာလေး



ကို ဖွင့်လိုက်ရာ အထဲတွင် ငွေ သုံးဆယ်နှစ်ကျပ်သာ တွေ့ရလေ၏။

"ဘယ်လိုလုပ်မလဲ အဒေါ်၊ ကျွန်မတို့မှာ ငွေ သုံးဆယ်ကျော်ပဲ ရှိတယ်၊ တစ်ရာတော့ မရှိဘူး"

မစယ်က စိတ်ပျက်အားလျော့သံနှင့် ဆိုလိုက်လေတော့သည်။

ထိုအခါ ဒေါ်ညိုမယ်က ဖက်ဆေးလိပ်ကို မီးသတ်လိုက်ပြီး ...

"အိုး ... ရတယ် ... ရတယ်၊ ဒီပစ္စည်းသာ လက်ခံထား၊ ငွေကို လိုမှ နည်းနည်းချင်း လာယူမယ်၊ ဘယ့်နှယ်လဲ"

ဟု ဆိုလိုက်ရာ မစယ်မှာ အတော်လေး ဝမ်းသာသွားရှာလေသည်။

ဒေါ်ညိုမယ်သည် လက်ကောက်ကို မစယ် လက်ထဲသို့ ထည့်ကာ ငွေသုံးဆယ်ကို ယူပြီး ပြန်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ရက် အနည်းငယ်ကြာသောအခါတွင်လည်း ဒေါ်ညိုမယ် ရောက်လာပြန်ကာ အသုံးလိုလို့ဟု ဆိုကာ ငွေငါးဆယ် လာယူပြန်လေသည်။

"အဘွားကြီး ကြည့်ရတာ အသက်ကြီးလာလို့ ရှိတဲ့ပစ္စည်းကို ထုခွဲပြီး စားသောက်နေတာ ဖြစ်မယ်၊ ဒီအတိုင်းဆို လက်ကောက်ကို ပြန်ရွေးမယ့်ပုံ မရှိဘူး"

ဟု တွေးကာ မစယ်မှာ အလွန်ပျော်ရွှင်နေလေ၏။

ထို့ပြင် သူ့လက်ကောက်ထက် အရွယ်အစားကြီးသည်မှ လွဲ၍ ပုံသဏ္ဍာန် လုံးဝနီးပါးဆင်တူသော ပစ္စည်းမို့ ပို၍ မက်မောတန်ဖိုးထားလေသည်။



ဘုရားတည်နေသော ဘုန်းကြီးကျောင်းဝင်းဖက်သို့ ဦးစံကျော့မှာ နေ့စဉ်လိုလို သွားလေ့ရှိ၏။ ဘုရားဂေါပက လူကြီးများနှင့် ပန်းရံဆရာတို့ လုပ်ကိုင်ဆောင်ရွက်နေသည်များကို ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေလေသည်။

သူ့နှုတ်မှလည်း တရှုတ်သံဝဲဝဲနှင့် ...

"ကောင်းလယ် ... ကောင်းလယ်"

ဟု မကြာခဏ ပြောလေသည်။ သူသည် ဘုရားစတည်သည့်နေ့မှ စ၍ လုပ်ငန်းများ ပို အဆင်ပြေလာသည်ကို သတိပြုမိသည်။ ကုသိုလ်ကောင်းမှုက

www.burmeseclassic.com

www.burmeseclassic.com



လက်ငင်း အကျိုးပေးသည်ဟု အကြွင်းမဲ့ ယုံကြည်ကာ ကြည်နူးပီတိ ဖြစ်နေလေသည်။

ပို၍ ထူးဆန်းသောအဖြစ်မှာ ဒေါ်ညိုမယ်သည် ပေါင်ထားသော လက်ကောက်ကို ပြန်မရွေးဘဲ ငါးကျပ်ယူ၊ တစ်ဆယ်ယူနှင့်ပင် သတ်မှတ်ထားသော တန်ဖိုး ပြည့်သွားကာ အပိုင်ရလိုက်ခြင်းပင် ဖြစ်၏။

နောက်တစ်နေ့ မနက်ခင်းတွင် ဦးစံကျော်သည် ဘုရားတည်ရာသို့ သွားရင်း အနီးရှိ စေတီလေးတွင် တခြားလူများ ပုတီးစိတ်နေသည်ကို တွေ့လိုက်ရ၏။ သူ့စိတ်ထဲတွင် ပုတီးစိတ်ခြင်းသည် အလွန် တိတ်ဆိတ် ငြိမ်သက်စွာ လုပ်ရသော အလုပ်ဖြစ်ပြီး စိတ်အေးချမ်း လိမ့်မည်ဟု ထင်မှတ်မိသည်။ ထိုကဲ့သို့ ငြိမ်သက်စွာ လုပ်ရသော အလုပ်သည် လူ့စိတ်ကို တည်ငြိမ်ကာ ထိုအချိန်၌ အခြား လောကစိတ်များ ဝင်မလာနိုင်ဟု ယုံကြည်မိ၏။

ထို့ကြောင့် ပုတီးစိတ်ရန် အကြံဖြစ်မိလေတော့ သည်။



သို့သော် တစ်ခါမှ ပုတီးမစိတ်ဘူးသည့်အတွက် မည်သို့မည်ပုံ စိတ်ရမည်ကို နားမလည်ချေ။

နေ အတော်လေး မြင့်လာသောအခါ ဘုရား ရင်ပြင်တွင် မျက်စိမှိတ်၍ ပုတီးစိတ်နေသည့်လူများမှာ ပုတီးစိတ်ခြင်းကို လက်စသတ်ကာ အလျိုလျို ပြန်သွား ကြသည်ကို တွေ့လိုက်ရလေသည်။

ထိုအခါမှ ဦးစံကျော်သည် ဘုရားရင်ပြင်ရှိ မွေးနံထောင့်တစ်ထောင့်တွင် ထိုင်ကာ ဘုရားရှိခိုးလိုက်ပြီး စိတ်ထဲမှ ပုတီးစိတ်ချင်သည်ဟု ဆုတောင်းမိသလိုလို တောင့်တမိသလို ဖြစ်မိလေသည်။

ထိုစဉ် သူ့ရှေ့တစ်နေရာ၌ စိတ်ပုတီးတစ်ကုံးကို မမျှော်လင့်ဘဲ သွားတွေ့ရ၏။ ဦးစံကျော်မှာ ဟိုဟို သည်သည်သို့ ဝေ့ဝဲကြည့်လိုက်မိရာ ဘုရားဖူးသူ တစ်ယောက်တလေမှ မရှိတော့သည်ကို တွေ့ရ၏။ ထိုစိတ်ပုတီးမှာ ပိုင်ရှင်မဲ့ ဖြစ်နေပေသည်။

ထို့ကြောင့် ပုတီးကို ကောက်ကိုင်လိုက်သည်။ စိတ်ပုတီးသည် နံ့သာနံ့ သင်းပျံ့နေပြီး ကိုင်ရသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



လေးလေးနှင့်နှင့်နှင့် စိတ်ကို အတော်လေး ကြည်လင်ရွှင်လန်းသွားစေကြောင်း သူ သတိပြုလိုက်မိ၏။

ထို့နောက် ဦးစံကျော့သည် ကိုယ်နှင့် ထိုက်လို့ရတာပဲဟု သဘောပိုက်ကာ စိတ်ပုတီးကို ယူ၍ အိမ်သို့ ပြန်လာခဲ့လေတော့သည်။

အိမ်သို့ ရောက်သောအခါ သူ့မိန်းမ မစယ်အား…

"မိန်းမရေ … ဒီမှာ ကြည့်ပါဦး၊ ည ည မင်းစိတ်တဲ့ စိတ်ပုတီးမျိုး ဘုရားပေါ်က ကောက်ရခဲ့တယ်၊ အဲဒါ ဝ ပုတီးစိတ်ချင်တာ ဘယ်လို စိတ်ရမလဲ၊ ပြောစမ်းပါဦး"

ဟု ဆိုလိုက်ရာ မစယ်က နှံ့သာနံ့ သင်းသော စိတ်ပုတီးအား တအံ့တဩ ဆွဲယူကြည့်လေသည်။ ထို့နောက် ယောက်ျားဖြစ်သူအား ဘယ်ပုတီးစိတ်နည်း သင်ပေးရရင် ကောင်းမလဲဟု စဉ်းစားရပြန်သည်။

"ရှင်က ပုတီးစိတ်ချင်တယ်ဆိုတော့ ဘယ်လိုဆိုပြီး စိတ်မလဲ၊ ကျွန်မကတော့ ညတိုင်း



လက္ခဏာရေးသုံးပါးနဲ့ ဂုဏ်တော်ကိုးပါး စိတ်တယ်၊ သရဏဂုံ သုံးပါးစိတ်တယ်၊ ရှင်က အဲဒါတွေ မဆိုတတ်သေးတော့…"

"နေပါဦး မစယ်… မင်းစိတ်တဲ့ လခ္ခဏာရေးဆိုတာ ဘယ်လိုလဲ၊ ဝတို့ လက်ဖဝါးပေါ်က လခ္ခဏာလား"

"အိုး … ကိုစံကျော့ကလည်း မသိရင် အသာနေတာ မဟုတ်ဘူး။ သူများကြားရင် ရယ်စရာ၊ လက္ခဏာရေးသုံးပါးဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပြောတာ၊ အနိစ္စ အမြဲမရှိ၊ ဒုက္ခ ဆင်းရဲခြင်း၊ အနတ္တ အစိုးမရခြင်းလို့ အဓိပ္ပာယ်ရတယ်၊ ရှင်ပြောတဲ့ လက္ခဏာက လက်ဖဝါးပေါ်ကအရေးအကြောင်းတွေ၊ ဘာမှမဆိုင်ဘူး"

ဟု ဒေါနှင့်မောနှင့် ဆိုလိုက်ရာ ဦးစံကျော့က ပြုံးရင်းပြန်ပြောလိုက်လေသည်။

"ဒီလိုလား … ဝမှ မသိဘဲ၊ ကျန်တဲ့ဟာတွေကရော ဘယ်လိုဆိုတာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"သြော် … ဂုဏ်တော်ကိုးပါးဆိုတာ မြတ်စွာဘုရားရဲ့ဂုဏ်တော်ပေါ့၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော…"

"အာ … နေပါဦး နေပါဦး၊ မင်းပြောတာတွေ ဝ မီဆိုတတ်ဘူး၊ အားကြီးခက်လယ်၊ လွယ်တာ တိုခုလောက် ပြောစမ်းပါ"

ဟု ဆိုလိုက်ရာ မစယ်က မျက်စောင်းထိုးလိုက်ပြီး တစ်စုံတစ်ခုကို စဉ်းစားကာ …

"ဒါဆို … ဘုရားဂုဏ်တော် မဆိုတတ်ရင် ဘုရားကို အမြဲအောက်မေ့တဲ့ အနေနဲ့ ဗုဒ္ဓေါ၊ ဗုဒ္ဓေါလို့သာ ဆိုပြီး စိတ်တော့ ကိုစံကျော့ရေ"

ဟု ပြောလိုက်လေတော့၏။

ထိုနေ့မှစ၍ ဦးစံကျော့သည် ပုတီးကို ကိုယ်နှင့်မကွာ အမြဲဆောင်ထားပြီး၊ အားတိုင်း ဗုဒ္ဓေါ … ဗုဒ္ဓေါ ဟု ရွတ်ဆိုကာ ဘယ်နှစ်ပတ်မှန်းပင် မရေမတွက်နိုင်လောက်အောင် စိတ်လေတော့သည်။

တစ်ခါတရံ ပုတီးကို ဈေးဆိုင်မှာ ကျန်ခဲ့တတ်



သဖြင့် ဘယ်နေရာမှာမှ မကျန်အောင် လည်မှာ အမြဲ ဆွဲထားလေ့ ရှိလေသည်။

ထိုသို့ ပုတီးကို ဆွဲရင်း ပဲခူးသို့ ဈေးဝယ်ထွက်သည့်အခါ ထွက်သည်။ ဘုရားတည်ရာသို့ သွားသည့်အခါ သွားသည်။

ထိုအခါ အရပ်ထဲမှ လူများက ဦးစံကျော့ကို ကွယ်ရာတွင် ပုတီးပေါက်ဖော်ဟု တီးတိုးခေါ်ပြီး ရယ်မောကြလေသည်။

ဦးစံကျော့ကတော့ မည်သူ့ကိုမျှ ဂရုမစိုက်ချေ။ ဈေးရောင်းရင်းလည်း ပုတီးကို ဆွဲထားကာ အလုပ်အားတိုင်း ဗုဒ္ဓေါ … ဗုဒ္ဓေါဟု ဆိုပြီး စိတ်ပြန်သည်။

တစ်နေ့တွင် ဦးစံကျော့ ဈေးရောင်းနေစဉ် ဆိုင်ရှေ့သို့ လူငယ်နှစ်ယောက် ရောက်လာလေသည်။ ဦးစံကျော့က ထုံးစံအတိုင်း …

"ဘာလိုချင်လို့လဲ"

ဟု မေးလိုက်ရာ လူငယ်တစ်ယောက်က ဆိုင်အတွင်းသို့ ဝေ့ဝဲအကဲခတ်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လိုချင်တဲ့ ပစ္စည်း၊ ပေါက်ဖော်ကြီးဆိုင်မှာ မရှိဘူး ထင်တယ်"

ဟု ဆိုလိုက်လေသည်။ ထိုလူငယ်၏ စကားကြောင့် ဦးစံကျော့မှာ စိတ်မဆိုးစဘူး ဆိုးသွားမိ၏။

"မင်းလိုချင်တဲ့ ပစ္စည်းက ဘာပစ္စည်းမို့လဲ၊ မပြောဘဲနဲ့ ဝ ဘယ်လို ရောင်းမလဲ"

ဦးစံကျော့သည် သူ့ဆိုင်တွင် ပစ္စည်း ကြီးကြီးမားမား ဈေးကောင်းကောင်းများကို တင်ရောင်းနေပြီဖြစ်၏။ တစ်ခါတရံမှ များများ ရောင်းရတတ်သော်လည်း လိုအပ်လျှင် ဒုက္ခအရောက်ခံပြီး ဝယ်ရသည့် အိမ်ရိုက်သံ၊ ဓား၊ ကတ်ကြေး အစရှိသည်တို့ပင် တကူးတက ဝယ်လာကာ ဆိုင်တွင် ရောင်းလေသည်။ ထို့ပြင် ထီး၊ ခမောက်၊ ဖိနပ် အစရှိသော ပစ္စည်းများကိုလည်း ရာသီအလိုက် ရောင်းနိုင်ပြီဖြစ်၏။

ဈေးလာဝယ်သော လူငယ်သည် ခနိမိုး၊ ထရံကာ ဆိုင်သေးသေးလေးကို တစ်ချက်ကြည့်လိုက်ပြန်သည်။



ကုန်များမှာ ပြည့်စုံပုံရသော်လည်း လူတစ်ထိုင်စာပင် မလွတ်အောင် ပြည့်သိပ်နေလေသည်။

"ကျုပ် ခရီးသွားရင်း ဖိနပ်ပြတ်သွားလို့ ပေါက်ဖော်ကြီး အဲဒါ ဖိနပ်တစ်ရံလောက် လိုချင်တယ်"

ထိုအခါ ဦးစံကျော့က လူငယ်အား…

"ဘယ်လို ဖိနပ်မျိုးလဲ၊ ဝဆိုင်မှာ အစုံရှိတယ်"

ဟု ဆိုလိုက်၏။ လူငယ်မှာ အလွန်အံ့သြသွားလေသည်။ သို့သော် နောက်ထပ် စောဒက မတက်ဝံ့တော့ဘဲ သူလိုချင်သည့် ဖိနပ် အမျိုးအစားနှင့် နံပါတ်ကိုပါ ပြောပြလိုက်ရလေတော့သည်။ ထိုအခါကျမှာ ဦးစံကျော့သည် ဆင့်ထပ်ထားသော ပစ္စည်းများထဲမှ အထုတ်ကြီး တစ်ထုတ် ဆွဲထုတ်ကာ လူငယ်လိုချင်သော ဖိနပ်မျိုးကို ထုတ်ပေးလိုက်၏။

ဖိနပ်ဝယ်သော လူငယ်မှာ ဦးစံကျော့ကို ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောကာ ဖိနပ်ဖိုးပေး၍ ဆိုင်တွင်းမှ ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဆိုင်အနောက်ဘက် ခပ်လှမ်းလှမ်းတွင် ရပ်နေသော မစယ်မှာ ဆိုင်ထဲသို့ ဝင်လာပြီး…

"ကျွန်မတို့ဆိုင်ကို ပြင်ဆောက်မှ ဖြစ်တော့မယ် ကိုကျော့ရဲ့"

ဟု ဆိုလိုက်လေသည်။ ဦးစံကျော့က ရုတ်တရက် နားမလည်သလို ပြန်ကြည့်၏။

"ဒီမယ် ကိုစံကျော့ရဲ့၊ ဒီဆိုင်က ကျွန်မတို့ ဈေးစရောင်းကတည်းက ခနီမိုး၊ ထရံကာက ခနီမိုး၊ ထရံကာ၊ တစ်နှစ်တစ်နှစ် ပျက်လို့ ပြင်တာပဲ ရှိတယ်၊ ဘာမှ ပြောင်းလဲပြီး မဆောက်ဖြစ်သေးဘူး၊ အခုဆို ကြည့်၊ ဆိုင်မှာ တင်ထားတဲ့ ပစ္စည်းတွေက များပြီး ပြည့်ကျပ်နေတော့ ရှိတဲ့ပစ္စည်းကို ဈေးဝယ်သူ မမြင်ရတော့ဘူး၊ ဈေးရောင်းတယ်ဆိုတာ ကိုယ်ရောင်းတဲ့ ပစ္စည်းကို ဈေးဝယ်သူ မြင်အောင် အရင်ဆုံး ခင်းကျင်းပြတတ်ရတယ်ရှင့်၊ ဈေးလာဝယ်တဲ့လူ နှစ်မျိုးရှိတယ်၊ တစ်မျိုးက တကယ်



မဖြစ်မနေ လိုအပ်လို့ လာဝယ်တာ၊ တစ်မျိုးက ဆိုင်မှာ ခင်းထားတဲ့ပစ္စည်းကို မြင်မှ ဒါလေး ဝယ်သွားရင်တော့ ဘယ်နေရာမှာ ဘယ်လို အသုံးတည့်မယ်ဆိုပြီး ဝယ်ချင်စိတ်ပေါက်သွားတာ၊ အဲဒီတော့ ဝယ်တဲ့လူ နှစ်မျိုးလုံး မလွတ်ရအောင် ဆိုင်မှာရှိသမျှ ပစ္စည်းအမယ်စုံကို မြင်အောင်ဆိုင်ခင်းဖို့လိုတယ်၊ ဒါကြောင့် ဆိုင်ကို ကြီးကြီးပြင်ဆောက်မယ်၊ ဆိုင်ကြီးတော့ ဈေးဝယ်တဲ့လူ ပိုစိတ်ဝင်စားတာပေါ့၊ မဟုတ်ဘူးလား"

ဦးစံကျော့မှာ သူ့မိန်းမ မစယ်၏ စကားတို့ကို အလွန်သဘောကျသွားလေသည်။

"မင်းအကြံ အားကီးကောင်းလယ်၊ ဝ ဒါကို မေ့နေတာ၊ ကြာပါတယ်၊ မနက်ဖြန် လက်သမားခေါ်ပြီး လိုတဲ့သစ်တွေ ဝယ်တော့မှ၊ ပြီးရင်…"

ထိုအခါ မစယ်သည် ပိုင်ပိုင်နိုင်နိုင် ပြုံးလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာတောင် နောက်ကျနေပြီ ကိုစံကျော့ရဲ၊ ခုနလေးတင်ပဲ သားငယ်ကို လက်သမား ဦးတင်မောင်ကို သွားခေါ်ခိုင်းလိုက်ပြီ၊ သူရောက်လာတာနဲ့ လိုတဲ့သစ်ကို တွက်ပြီး သွားဝယ်ကြပေတော့"

ဟု ဆိုလိုက်ရာ ဦးစံကျော့မှာ အံ့သြသွားလေတော့၏။ ထို့နောက် ...

"တတ်လည်း တတ်နိုင်တဲ့ မစယ်ပဲ"

ဟု ရေရွတ်လိုက်မိလေသည်။

꧁꧂



ဦးစံကျော့သည် ဆိုင်ကို သေသေချာချာ စီမံကွပ်ကဲပြီး ဆောက်နေရသည့်အတွက် ဘုရားတည်သည့်နေရာသို့ မရောက်ဖြစ်ဘဲ ရှိလေသည်။ ဆိုင်ပြီးသွား၍ ဘုရားသို့ သွားသည့်အခါ ဘုရားတည်ခြင်းမှာ အတော်လေး လက်စသတ်နေပြီ ဖြစ်သည်ကို တွေ့လိုက်ရလေသည်။

ဦးစံကျော့မှာ ထိုနေရာသို့ မသွားသေးဘဲ ခပ်လှမ်းလှမ်းရှိ ဇရပ်ပေါ်တွင် သွားထိုင်ကာ မျက်စိမှိတ်၍ 'ဗုဒ္ဓေါ ... ဗုဒ္ဓေါ' ဟု ပုတီးစိပ်နေ၏။

ထိုအချိန်တွင် ဘုရားတည်သောနေရာမှ ပန်းရံ

www.burmeseclassic.com

www.burmeseclassic.com



သမားများနှင့် လက်သမားများသည် မတ်ရပ်ကိုယ်တော်ကြီးအတွက် အမိုးအကာပြည့် ကျောင်းဆောင်ဆောက်လုပ်ရန် မြေညှိခြင်း၊ တိုင်ကျင်းတူးခြင်းများကို ပြုလုပ်နေလေသည်။

ထိုအခိုက် မြေကြီးထဲမှ သေတ္တာတစ်လုံးကို သွားတွေ့ကြလေသည်။ အလုပ်သမားများမှာ သေတ္တာထဲတွင် ရွှေ၊ ငွေ၊ ရတနာများ ပါလိမ့်မည်ဟု ယုံကြည်ကြလေသည်။ သို့သော် ဘုရားတည်သော ဘုရားဒကာတရုတ်ကြီးနှင့် သက်ဆိုင်နေသော တရုတ်ကြီးအား မပေးလိုသည်နှင့် မိမိတို့ဘာသာ တိတ်တဆိတ် ခွဲယူရန် တိုင်ပင်လိုက်ကြလေတော့သည်။

ထိုအခါ အလုပ်သမားတစ်ယောက်က …

"ပေါက်ဖော်ကြီးက ဇရပ်ပေါ်မှာဗျ၊ မတော်တဆ တွေ့သွားပြီး ဝေစုလာတောင်းရင် ဘယ့်နှယ်လုပ်မလဲ"

"မင်းအဘက ဟိုမှာ မျက်စိမှိတ်ပြီး ပုတီးစိတ်နေတာ၊ ဘာမှ မတွေ့လိုက်ဘူး၊ ဒီဘက်



လျှောက်လာတော့လည်း အလွယ်လေးပဲ၊ မြေကြီးထဲ ထည့်ပြီး ပြန်အုပ်ထားလိုက်ရုံပေါ့"

ထိုအခါ အလွန်လိုချင် တပ်မက်စိတ်ရှိသော အလုပ်သမားတစ်ယောက်က …

"သိမ်းတာတွေ၊ ဝှက်တာတွေ နောက်မှလုပ်ဗျာ၊ ခု လောလောဆယ် ပစ္စည်း ဘယ်လောက်ပါလဲ၊ လူစုံတုန်း ဖွင့်ပြထားတာ ကောင်းတယ်"

ဟု ဆိုလိုက်၏။ အားလုံးမှာ သေတ္တာထဲတွင်ပါသော ရွှေ၊ ငွေများကို အလွန် ကြည့်ချင်မြင်ချင်ကြလေသည်။ ထိုအထဲတွင် အတန် လူရည်လည်သော ကုလားပုက သေတ္တာအား သူ ဦးဆောင်ပြီး ဖွင့်ရန် ပြောလိုက်ပြန်သည်။

အားလုံးမှာ လောကဓာတ်တိုက်နေကြသူများမို့ တွေတွေထူးထူး မစဉ်းစားကြတော့ဘဲ သံတူရွင်းများ၊ ဂေါ်များကို ယူကာ သေတ္တာအား ဝိုင်းဖွင့်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာမှာ တစ်တောင်ခန့်မြင့်ပြီး အကျယ်မှာ တစ်ထွာကျော်ကျော်သာ ရှိလေသည်။ သို့သော် အတန်ငယ် လေးပြီး၊ သော့ခလောက် မပါဘဲနှင့် ဖွင့်မရချေ။

"ဟား … သေတ္တာကလည်း သော့ခတ်ထားတာလည်း မဟုတ်ဘဲ ဖွင့်ရခက်လိုက်တာ"

သေတ္တာမှာ အဖုံး အနည်းငယ် ဟနေသယောင် ရှိသော်လည်း ဘယ်လိုဖွင့်ဖွင့် မပွင့်လာချေ။ ပေါက်တူးနှင့် ထုသူထု၊ သံတူရွင်းနှင့် ကော်သူကော်နှင့် လှုပ်လှုပ်ရှရှ ဖြစ်နေကြ၏။

အဝေးမှလှမ်းကြည့်လျှင် မြေတွင်းကို အားသွန်ခွန်စိုက် တူးနေသည်နှင့်ပင် တူလေသည်။ ထိုစဉ် ဇရပ်ပေါ်တွင် ပုတီးစိတ်နေသော ဦးစံကျော့မှာ ပုတီးစိတ်ခြင်းကို ရပ်နားကာ ဇရပ်ပေါ်မှ ဆင်းလာလေတော့သည်။ အလုပ်သမားများမှာ ရှေ့သို့သာ မဲနေသဖြင့် ဦးစံကျော့ ဆင်းလာသည်ကို မမြင်ကြချေ။

"တော်ပြီကွာ … လက်တောင်ပေါက်တယ်၊ ဘယ်လိုသေတ္တာမှန်းလည်း မသိဘူး၊ ကိုယ်နဲ့



မထိုက်လို့ ဖွင့်မရတာမျိုးလား မသိဘူး"

"မင်းပါးစပ် ပိတ်ထား၊ ဘာလို့ မရရမှာလဲ၊ ငါ ဖွင့်မယ်"

ကုလားပုက ပြောပြောဆိုဆို သေတ္တာကို ပေါက်တူးနှောင့်နှင့် ထုချလေသည်။ သို့သော် သေတ္တာသည် လုံးဝ ပွင့်မလာသည့်အပြင် နေရာမှပင် ရွေ့မသွားချေ။ ကုလားပုမှာ အချက်ပေါင်းများစွာ ထုကြည့်ပြီး နောက်ဆုံး လက်လျှော့သွားလေတော့သည်။ ထိုအချိန်တွင် ဦးစံကျော့ ရောက်လာကာ …

"ဘာတွေ ဖွင့်နေကြတာလဲ"

ဟု မေးလိုက်ရာ အားလုံး မျက်စိမျက်နှာပျက်သွားကြလေတော့သည်။

သို့သော် သူတို့ကိုယ်တိုင် ဖွင့်မရသောကြောင့် လက်လျှော့နေကြခြင်းဖြစ်ရာ မည်သို့မျှ မပြောသာတော့ချေ။

ဦးစံကျော့မှာ သေတ္တာလေးအား မြင်သွားသောအခါ …

www.burmeseclassic.com

www.burmeseclassic.com



"အီလိုလေး ... သေတ္တာလေးပါလား၊ ဘယ်က တွေ့တာတုန်း"

"ဒီထဲကတွေ့တာ ပေါက်ဖော်ကြီး၊ ဘာမှန်းလည်း မသိပါဘူးဗျာ၊ ဖွင့်လို့လည်း မရဘူး"

တစ်ယောက်က စိတ်ပျက်အားလျော့သံနှင့် ပြောလိုက်ရာ ဦးစံကျော့က ...

"တော်တော် ထူးဆန်းတာပဲ"

ဟု ပြောလိုက်ပြီး အနီးတွင် တွေ့ရသော သစ်သားစလေး တစ်ချောင်းနှင့် ဟနေသော နေရာမှ ကလန့်လိုက်ရာ သေတ္တာမှာ အလွယ်တကူပင် ပွင့်သွားလေတော့၏။

"ဟာ"

"ဟင်"

"အိုး ... ဘုရား ... ဘုရား၊ ဝတော့ ကံကောင်းပြန်ပြီ"

သေတ္တာထဲတွင် သူတို့ထင်သလို ရွှေ၊ ငွေ၊ ရတနာများ မတွေ့ရဘဲ ဘုရားဆင်းတုတော်လေး တစ်ဆူ



နှင့် ဓာတ်တော်ထည့်သော ပုလင်းကလေးတစ်လုံးကိုသာ တွေ့ရသောအခါ အလုပ်သမားများမှာ တဟင်ဟင်... တဟာဟာနှင့် အံ့သြမင်သက်သွားကြလေတော့သည်။

ဦးစံကျော့ကတော့ ဘုရားဆင်းတုတော်လေးကို မကာ အလွန်ဝမ်းသာပျော်ရွှင်နေ၏။

"ဒီဘုရားကိုတော့ ဝအိမ်ကို ယူသွားမယ်နော်၊ ဝ ရှိခိုးဖို့ ယူသွားမယ်"

ဟုဆိုရာ အလုပ်သမားများမှာ သူတို့ မျှော်မှန်းထားသော ရွှေ၊ ငွေများ မဟုတ်သည့်အတွက် အသာတကြည်ပင် ခွင့်ပြုလိုက်တော့၏။

ဦးစံကျော့မှာ အလွန် ဝမ်းသာပျော်ရွှင်ပြီး အိမ်သို့ ဘုရားဆင်းတုတော်နှင့် ဓာတ်တော်ထည့်သော ပုလင်းလေးအား ပင့်ဆောင်ကာ ပြန်လာခဲ့လေတော့သည်။

ဘုရားဆင်းတုတော်တစ်ဆူ ပင့်ဆောင်ပြီး ပြန်လာသော ဦးစံကျော့ကို မြင်လေလျှင် မစယ်တို့သားအမိတစ်တွေမှာ အလွန်အံ့သြသွားကြလေသည်။

"ကိုစံကျော့ ရှင် ဒီဘုရား ဘယ်ကပင့်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝတို့ ဘုရားတည်တဲ့နေရာက ရတာ၊ အဲဒါ အိမ်မှာ ရှိခိုးရအောင် ယူလာတာလေ"

ဦးစံကျော့မှာ ဘုရားရလာပုံအကြောင်းကို သူ့ မိသားစုအား ဝမ်းသာအားရ ပြန်ပြောပြလေတော့၏။ ထို့နောက် သူကိုယ်တိုင် ဘုရားအား ရေသပ္ပာယ်ကာ ကတ္တီပါ အနီစခင်း၍ ဘုရားကျောင်းဆောင်ငယ်ထဲ ထည့်ကာ ပူဇော်ထားလေသည်။ သို့သော် ပုလင်းကိုမူ ဘာလုပ်ရမှန်း နားမလည်ချေ။

"မစယ် … ဒီပုလင်းက ဘာလဲ၊ ဝ ဘယ်မှာ ထားရမလဲ"

"အင်း … ဒါ ဓာတ်တော်ထည့်တဲ့ ပုလင်း ဖြစ်နိုင်တယ်၊ ဘုရားစင်မှာပဲ ထားပေါ့၊ ရေ ထည့်ထားရင် ကလေးတွေ နေထိုင်မကောင်း ဖြစ်တဲ့အခါ ရေမန်းအဖြစ် သုံးလို့ရတာပေါ့"

"ရေထည့်မယ် ဟုတ်လား၊ အိုကွာ … ရေ တော့ မကောင်းပါဘူး၊ ဘုရားသောက်တော်ရေ ရှိပြီးသားပဲ၊ ဆီထည့်ထားမယ်"



ဦးစံကျော့သည် သူ့စိတ်ကူးနှင့်သူပင် ပုလင်းထဲ၌ ဆီထည့်ကာ ဘုရားအား လှူထားလိုက်လေတော့၏။ ထို့နောက် ဘုရားစင်ရှေ့တွင် ထိုင်ကာ ဗုဒ္ဓေါ … ဗုဒ္ဓေါ ဟု ရွတ်ဆိုပြီး ပုတီးကို အကျအန စိတ်လေတော့သည်။ ယခင်က မစယ် ဘုရားရှိခိုးလျှင် ဘေးနားမှ ထိုင်ပြီး နားထောင်ကာ လိုက်မဆိုတတ်သောကြောင့် သူ့လိုပါပဲ ဘုရားဟု လျှောက်သော ဦးစံကျော့မှာ ထိုနေ့ညမှစ၍ 'ဩကာသ' အစချီကာ တတ်သလောက် မှတ်သလောက် ရှိခိုးလေသည်။

သို့သော် တချို့အသံထွက်များသာ မှန်၍ တော်တော်များများမှာ တရုတ်သံချည်း ထွက်နေလေတော့၏။

ဘုရားရှိခိုးပြီးသောအခါတွင်လည်း တရုတ်သံ ဝဲဝဲနှင့် အမျှဝေလေ၏။ မစယ် ဘုရားရှိခိုးပြီး၊ အမျှဝေ သည့်အခါတွင်လည်း ကောင်းတယ်၊ ကောင်းတယ်ဟု ပြောလေ့ရှိလေသည်။ အရပ်ထဲမှ လူများမှာ တစ်နေ့ တခြား ဘာသာရေး ကိုင်းရှိုင်းလာသော တရုတ်ကြီးကို ကြည့်ကာ အံ့ဩမဆုံး ရှိကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရက်အနည်းငယ် ကြာသောအခါ ဦးစံကျော့ အိမ်သို့ ခရမ်းသုံးခွ နယ်ဖက်မှ မောင်ချစ်တင်ဟူသော ဆီစက်သူဌေးကလေးတစ်ဦး ရောက်လာခဲ့လေ၏။ မောင်ချစ်တင်သည် ဦးစံကျော့၏ ကျယ်ဝန်းလှသော ခြံကြီးကိုမြင်လျှင် အလွန်သဘောကျသွားပြီး ဆီစက်ဆောက်ရန် အကြံဖြစ်လာသည်။

ထို့ကြောင့် ဦးစံကျော့အား ခြံကိစ္စ စုံစမ်းရန် ဝင်တွေ့လေသည်။ ထိုအခါ သူ၏ သူငယ်ချင်းဖြစ်သော ကျိုက်ထိုသား ဝင်းဆောင်ကပင် ပွဲစားအနေနှင့် လိုက်လာ၏။



သူကပင်စ၍ မောင်ချစ်တင်နှင့် တရုတ်ကြီး ဦးစံကျော့အား မိတ်ဆက်ပေးလေသည်။

"ပေါက်ဖော်ကြီး ... ဒါ ကျွန်တော့်သူငယ်ချင်း မောင်ချစ်တင်တဲ့၊ ခရမ်းက ဆီစက်သူဌေး အဲဒါ ဒီမြို့မှာ ဆီစက်ထောင်ချင်တယ်ဆိုလို့ ခေါ်လာတာ၊ သူက ပေါက်ဖော်ကြီး ခြံနေရာ အကွက်အကွင်းကျတာကို ကြိုက်နေတယ်တဲ့၊ တစ်ခြံလုံး ဝယ်မှာတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဟို ခြေရင်းဖက် မြေကွက်ကြီးက လွတ်နေတော့"

ဝင်းဆောင်သည် စကားကို ဆုံးအောင် မပြောဘဲ ဦးစံကျော့၏ မျက်နှာကို အကဲခတ် ကြည့်နေလေသည်။ ထို့အတူ ဆီစက်သူဌေး မောင်ချစ်တင်မှာလည်း တရုတ်ကြီး၏ မျက်နှာရိပ် မျက်နှာကဲကို ငေးစိုက်ကြည့်နေ၏။

ဦးစံကျော့မှာ ရောင်းခြင်း မရောင်းခြင်းထက် ထိုခြံကို သူပိုင်၏ မပိုင်၏ကို အသေအချာ စဉ်းစားနေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်လေသည်။ ဦးစံကျော့မှာ မစယ်နှင့် အိမ်ထောင်ကျပြီးခါစ ယခု နေထိုင်လျက်ရှိသော မြေနေရာကွက်လေးတွင် အိမ်ဆိုင်လေးထိုးကာ ဈေးရောင်းခဲ့သည်။ သို့သော် တစ်ဖက်တွင် လွတ်နေသော ခြံနှင့် တစ်ဆက်တည်း ဖြစ်နေသည်ကို သတိမပြုမိသလို ယနေ့အထိ နှစ်ပေါင်း နှစ်ဆယ်ခန့်အတွင်း ပိုင်ရှင်ဟူ၍လည်း တစ်ယောက်မှ ပေါ်မလာခဲ့ချေ။ ဒူးရင်းပင်၊ တညင်းပင်များ အုံ့ဆိုင်းကာ ခြံစည်းရိုးသဖွယ် ဖြစ်နေသော ခြံကျယ်ကြီးကို ထိုလူစိမ်းများက ဝယ်ယူလိုသည်ဆိုသောအခါ ဦးစံကျော့မှာ စဉ်းစားရကျပ်နေလေသည်။ ခြံကြီးမှာ လက်ရှိ သူ့အပိုင်လိုဖြစ်နေရာ ခြံထဲတွင် ဆီစက် ဆောက်ခြင်းကို အလွယ်တကူ ခွင့်ပြုနိုင်၏။ သို့သော် မိမိကိုယ်တိုင် အဖိုးအခ မပေးဘဲ နေခဲ့သောခြံမို့ ရောင်းချရန် မသင့်ဟု စဉ်းစားမိ၏။

ထို့ကြောင့် ဇနီးသည်အား သူ့စိတ်ကူးကို ပြောပြကာ အကြံတောင်းရပြန်သည်။ သူ့စိတ်ကူးကို ပြောပြလိုက်သောအခါ မစယ်က …



"အို … ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ လောလောဆယ် ဒါ ကျွန်မတို့ခြံပဲ၊ သူစိမ်းတစ်ရံဆန်ကို စီးပွားရေးလုပ်ဖို့ အလကား ခွင့်ပြုရမယ်ဆိုတော့ မဟုတ်သေးပါဘူးရှင်"

ဟု ကန့်ကွက်လေသည်။ ထို့နောက် မစယ်က ပင် ကြားဝင်၍…

"ကဲ … ဒီလိုလုပ် ငါ့မောင်၊ အစ်မတို့ကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ဒီခြံလွတ်ကို ဆီစက် ဆောက်ချင်သပဆိုရင် ဆောက်နိုင်တယ်၊ ဒါပေမယ့် ခြံကိုတော့ အပြတ်မရောင်းဘူး၊ အငှားသဘော လခပေးရမယ် ဘယ့်နှယ်လဲ"

ဟု ဆိုလိုက်ရာ မောင်ချစ်တင်မှာ ဝမ်းသာအားရ ပင် သဘောတူလိုက်လေ၏။

"ဒါဖြင့် လခကို ဘယ်လောက်သတ်မှတ်မလဲ ခင်ဗျာ"

မောင်ချစ်တင်၏ စကားအဆုံးတွင် မစယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အဖြေရခက်သွားလေသည်။ သူ တွေးမိသော ငွေပမာဏမှာ နည်းသွားမလား၊ များသွားမလားဟု တွေးကာ အဖိုးအခ ထုတ်ပြောရန် ချီတုံချတုံ ဖြစ်နေမိလေသည်။ ထိုအခါ ဆီစက်သူဌေးကလေးက …

"ဒါဆို ကျွန်တော် တစ်ခု အကြံပေးပါရစေ၊ တစ်မျိုးတော့ မထင်ပါနဲ့၊ နောက်ပြီး ဒီက အစ်ကိုကြီးနဲ့ အစ်မကြီးတို့ သဘောတူမှ လုပ်ပါ၊ မြေငှားခရယ်လို့ တန်ဖိုးမဖြတ်တတ်ရင် ဒီဆီစက်မှာ အရင်းအနှီး သုံးပုံတစ်ပုံထည့်တယ်လို့ သဘောထားပြီး ရတဲ့အမြတ်ရဲ့ သုံးပုံတစ်ပုံကို ယူပါ"

ဟု ဆိုလိုက်ရာ ဦးစံကျော့နှင့် မစယ်မှာ အလွန်ဝမ်းသာသွားကြလေတော့သည်။ ထို့ကြောင့် မောင်ချစ်တင်ပေးတဲ့ အကြံအတိုင်း သဘောတူ လက်ခံလိုက်လေတော့သည်။

မစယ်မှာ မမျှော်လင့်ဘဲ ဆီစက်လုပ်ငန်းရှင်ဘဝသို့ ရောက်သွားရသဖြင့် အလွန်ဝမ်းမြောက်နေသော်



လည်း ဦးစံကျော့ကတော့ ခပ်အေးအေးပင်။ မနေ့က၊ သို့မဟုတ် လွန်ခဲ့သော နှစ်များစွာက ကုန်ခြောက်ဆိုင်ရှင် တစ်ယောက်နှင့် ဘာမှ ထူးခြား ပြောင်းလဲမသွားချေ။

မောင်ချစ်တင်မှာ ပွင့်လင်းဖော်ရွေသော မစယ်ကို ခင်မင်မိသလို၊ လောဘ ဒေါသ မရှိသော တရုတ်ကြီး ဦးစံကျော့ကိုလည်း လွန်စွာ ချစ်ခင်လေးစားမိလေတော့သည်။

www.burmeseclassic.com



အရပ်ထဲမှလူများသည် ဦးစံကျော့တို့ မိသားစုကို အားကျနေကြသလို အချို့လူများသည် မနာလိုဖြစ်ကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့ခြံကြီးထဲတွင် ဆီစက်ထောင်လိုက်သော နယ်မြို့လေးမှ ဆီစက်သူဌေး မောင်ချစ်တင်သည် ထင်ထားသည်ထက် ပိုမို ချမ်းသာကြွယ်ဝကာ ပဲခူးမြို့တွင်လည်း ဆီစက်များ တစ်လုံးပြီး တစ်လုံး ခွဲ၍ တည်ထောင်ခဲ့ရာ မြေစမ်းခရမ်းပျိုးသည့် အနေနှင့် ကျိုက်ထိုတွင် လာတည်းခဲ့ခြင်း ဖြစ်၏။

ထိုအထဲတွင် ကျိုက်ထိုမြို့မှ ဆီစက်သည် ထင်မှတ်ထားသည်ထက် ပိုမို အောင်မြင်လာခဲ့သည်။

ထို့ကြောင့် နောက်ထပ် ဆီစက်နှစ်လုံး ထပ်ခွဲ



ကာ တည်နိုင်ခဲ့လေတော့၏။

တစ်နေ့တွင် ဦးစံကျော့တို့ မိသားစု ထမင်းစားနေခိုက် မောင်ချစ်တင် ရောက်လာလေသည်။ မောင်ချစ်တင်နှင့်အတူ မျက်နှာစိမ်း ညှော်သည်တစ်ဦး ပါလာခဲ့၏။ မောင်ချစ်တင်က …

"ပေါက်ဖွါဖော်ကြီး … ဒါ ကျွန်တော့်မိတ်ဆွေ ရှေ့နေကြီး ဦးသန်းတဲ့"

ဟု မိတ်ဆက်ပေးလေသည်။ ထို့နောက် စာရွက်တစ်ရွက်ကို ထုတ်ပေးပြီးလျှင် …

"ကျွန်တော် ဒီမှာ ဆီစက်ထောင်တာ အတော်ကြာပါပြီ၊ အကျိုးအမြတ်လည်း အတော်များခဲ့ပါတယ်၊ ပေါက်ဖော်ကြီးကလည်း လူအားစိတ်အားအပြည့်နဲ့ ကူညီလုပ်ဆောင်ပေးခဲ့တာတွေကြောင့် ကျွန်တော့် တခြားစက်တွေပါ အောင်မြင်အောင် စိတ်ချ လက်ချလုပ်နိုင်ခဲ့ပါတယ်၊ ပေါက်ဖော်ကြီးနဲ့ ကျွန်တော်ကံစပ်တယ်လို့လဲ ယူဆပါတယ်၊ ရတဲ့အမြတ်ကို ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ကြီးကမယူဘဲ စက်ထဲကို အရင်း ပြန်ပြန် ထည့်နေတာလဲ တော်တော်များခဲ့ပါပြီ၊ ဒါကြောင့် ကျွန်တော့်အတွက် ရှယ်ယာဝေစု အနည်းငယ်သာပြန်ယူပြီး ဒီခြံထဲကစက်ကို ပေါက်ဖော်ကြီး နာမည်နဲ့ လွှဲပေးခဲ့ချင်ပါတယ်ခင်ဗျာ''

ဟု ဆိုလေသည်။ ဦးစံကျော့မှ ဘာမှမပြောနိုင်ဘဲ အံ့သြသွားခဲ့လေတော့၏။ ထို့နောက် မောင်ချစ်တင်သည် ခေါ်လာသော ရှေ့နေကြီးရှေ့တွင်ပင် စာရင်းရှင်းကြလင်းကြကာ ငွေအနည်းငယ်ပြန်အမ်းပေးရုံဖြင့် ဦးစံကျော့ အမည်နှင့် ဆီစက်လွှဲပေးကြောင်း လက်မှတ်ရေးထိုးပေးခဲ့လေတော့သည်။

ထိုစာရွက်ပေါ်တွင် ဦးစံကျော့လက်မှတ်ထိုးပြီးသည့်နေ့မှစ၍ ဆီစက်သူဌေး ပေါက်ဖော်ဟူ၍ အရပ်ထဲတွင် ခေါ်ကြပြန်လေတော့သည်။ လူများသည် ဘုရားတည်ရာသို့ ပုတီးတကားကားနှင့် ရောက်လာသောအခါ ပုတီးပေါက်ဖော်ဟူ၍လည်းကောင်း၊ ဆိုင်တွင် ဈေးရောင်းနေသည့်အခါ ဈေးသည်ကြီးပေါက်ဖော်၊ ဆီစက်



တွင် တွေ့ရတတ်သည့်အခါမျိုးတွင် စက်သူဌေး ပေါက်ဖော်ဟူ၍လည်းကောင်း အမျိုးမျိုး ခေါ်ဝေါ်သမုတ်ကြလေသည်။ သို့သော် ဦးစံကျော့မှာ လွန်ခဲ့သော နှစ်များစွာက အတိုင်း မနက်အစောကြီးထကာ ဘုရားရှိခိုးခြင်း၊ ဗာဟိရ အလုပ်များ လုပ်ခြင်း၊ ဈေးဆိုင်ဖွင့်ခြင်းကို ဝတ္တရားမပျက် လုပ်မြဲအတိုင်းရှိလေသည်။

သားနှစ်ယောက်ဖြစ်သော ကြီးငွေနှင့် ကြီးရွှေမှ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်အရွယ် လူပျိုပေါက်များ ဖြစ်နေပြီအတွက်ကြောင့် ဆီစက်ကိစ္စများအားလုံးကို ချက်နာလွှဲထားနိုင်ပြီ ဖြစ်လေသည်။ ထို့ကြောင့် ဦးစံကျော့မှာ ယခင်အတိုင်း သူ့ဆိုင်တွင် ဈေးရောင်းမြဲ ရောင်းလေသည်။

ညနေစောင်းသည့်အခါမှ သမီးဖြစ်သူ မဖူးညွန့်ကို ဆိုင်တွင်ထားကာ ဘုရားတည်ရာသို့ သွားရောက်ကြည့်ရှုကာ ကောင်းတယ်၊ ကောင်းတယ်ဟု ပြောလေ့ရှိ၏။ ထို့ပြင် သူ့မှာ တစ်ခုတည်းသောရှိသည့် ပုတီးစိတ်နည်းအတိုင်း ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ဟု ရွတ်ဆိုကာ ပုတီးစိတ်ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံကျော့တို့ မိသားစုမှာ ကျိုက်ထိုတွင် ချမ်းသာမှန်းမသိ၊ ချမ်းသာလာခဲ့သော်လည်း မည်သို့မျှ အနေအထိုင် ပြောင်းလဲထူးခြားခြင်း မရှိချေ။

ထူးခြားလာသည်မှာ အရပ်ထဲမှ လူများသာ ဖြစ်၏။ တစ်နေ့တခြား ကုသိုလ်ကောင်းမှုတွေ ပြုကာ စီးပွားတိုးတက်လာသော ဦးစံကျော့အား သူတော်ကောင်းကြီးဟု ယုံကြည်ကာ သာရေး၊ နာရေးကိစ္စမှ စကာ အလှူမင်္ဂလာဆောင်၊ ကလေးနေမကောင်းခြင်းပါမကျန် အကူအညီတောင်းလာခြင်းပင် ဖြစ်သည်။

ထိုကိစ္စမျိုးဆိုလျှင်တော့ မစယ်သည် နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်းအရာ၌ လက်မနေးတတ်ချေ။ ရွာထဲကလူများမှလည်း မစယ်အား စက်သူဌေးကတော်၊ ဘုရားဒကာမ စသဖြင့် တလေးတစားခေါ်ကာ ဆက်ဆံတတ်ကြ၏။ မစယ်သည် ထိုသို့ အခေါ်ခံရခြင်းကို လွန်စွာ သဘောတွေ့လှသည်။ ထို့ကြောင့် အရပ်ထဲမှ ကလေးမမွေးနိုင်သော ကိုယ်ဝန်ဆောင်များမှ သက်ကြီးရွယ်အိုများအထိ သွားရောက်ကူညီပေးလေ၏။



တစ်နေ့တွင် အိမ်ဘေးနားမှ ကလေးအမေ တစ်ယောက်သည် အပြင်းဖျားကာ မျက်ဖြူလန်ပြီး တက်နေသော ကလေးငယ်ကို ပွေ့ကာ ဦးစံကျော့အိမ်သို့ ပြေးချလာလေတော့သည်။

"ပေါက်ဖော်ကြီး … မမစယ် … လုပ်ပါဦး ရှင်၊ ကလေးက တက်တက်နေလို့"

ဦးစံကျော့တို့ လင်မယားမှာ ဆေးဆရာများ မဟုတ်သည့်အတွက် ရုတ်တရက် ဘာလုပ်ပေးရမှန်း မသိ၊ ကြောင်သွားလေသည်။ သို့သော် ကလေးငယ်မှာ ဒီအတိုင်းထားလျှင် ပျက်စီးခြင်းသို့ ရောက်တော့မည်ဖြစ်သောကြောင့် ဦးစံကျော့က …

"မစယ် … ဟိုဘုရားစင်ပေါ်က ဆီပုလင်း ယူခဲ့ပါ"

ဟု ဆိုလိုက်ပြီးလျှင် သူကိုယ်တိုင် လည်မှာ ဆွဲထားသော နံ့သာပုတီးကို ချွတ်ကာ ရေခွက်တစ်ခုတွင် စိမ်၍ ကလေးငယ်၏ မျက်နှာအား တောက်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မစယ်သည် ဘုရားစင်ပေါ်မှ ယူလာသော ဆီပုလင်းထဲက ဆီကို ယူ၍ ကလေးငယ်၏ ခေါင်းနှင့် ရင်ဘတ်များအား ပွတ်သပ်လိမ်းပေးလိုက်ရာ ကလေးမှာ အတော်ကလေး သက်သာသွားတော့သည်။

"အမလေး …. ကျေးဇူးတင်လိုက်တာ၊ ပေါက်ဖော်ကြီးရယ်၊ ကျွန်မတော့ သားလေး ဒုက္ခဖြစ်ပါပြီ မှတ်နေတာ၊ ပူယူပြီး ဒီကို ပြေးလာလိုက်တာ၊ နေပါဦး ပေါက်ဖော်ကြီးက ဘယ်တုန်းက ဆေးကုတတ်သွားတာလဲ"

ဟု ဆိုလိုက်ရာ ဦးစံကျော့က တဟားဟား ရယ်လိုက်ပြီး …

"ဝလည်း … နင့်ကလေးကို မြင်တော့၊ ပူထူပြီး ကုလိုက်တာ ဘယ်တုန်းက ကုတတ်သွားလဲ၊ မီမှတ်မိတော့ပါဘူးကွာ"

ဟု ပြန်ပြောလိုက်လေတော့၏။



တစ်နေ့ညနေတွင် ဦးစံကျော့တို့ လင်မယားမှာ ဘုရားစင်မှ ဆီပုလင်းလေး အစွမ်းထက်ပုံအကြောင်းကို ဝမ်းသာအားရ ထိုင်ပြောနေခိုက် ခြံထဲသို့ လူကြီးတစ်ယောက်၊ အသက်သုံးဆယ်အရွယ်ရှိ လူငယ်တစ်ယောက်နှင့် မိန်းမကြီးတစ်စုတို့ ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

"ကိုစံကျော့ … မစယ်ဆိုတာ ဒီက မောင်ကြီးနဲ့ ညီမကြီးတို့လားကွယ်"

ဟု မိန်းမကြီးက လေသံခပ်တိုးတိုးနှင့် မေးလိုက်လေ၏။ ထိုအခါ ဦးစံကျော့က …

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါလယ် ... စံကျော့ဆိုတာ ဝပါပဲ၊ ဒါ ဝ မိန်းမ မစယ်၊ ဒီက အီမနဲ့ ဆရာကီးတို့ ဘာကိစ္စရှိလို့လဲ"

ဟု ပြန်ပြောလိုက်၏။ မစယ် သူ့ယောကျာ်းနှစ်ယောက်အနက် အသက်ငယ်ငယ် တစ်ယောက်ကို ခြံဝကတည်းက လှမ်းပြီး အကဲခတ်ရသည်မှာ သာမန်ယောကျာ်းတစ်ယောက်လို သွက်လက်ဖျတ်လတ်ခြင်း မရှိသည်ကို သတိထားလိုက်မိသည်။ ထိုလူငယ်၏ အသွင်မှာ စာခြောက်ရုပ်ကို ထိုးသုတ်ထားသလို ဖောသွပ်သွပ်၊ ဖြူဆွတ်ဆွတ်ကြီး ဖြစ်နေပြန်လေသည်။ ထို့ပြင် သူတို့သုံးယောက်မှာ ဈေးဝယ်သူများလည်း မဟုတ်နိုင်ချေ။

"အစ်မကြီးတို့က သိမ်ဇရုပ်ကပါ၊ ဒါက အစ်မကြီးယောကျာ်း ဂိုမြစိုးတဲ့၊ ဒါကတော့ အစ်မကြီးတူ ပေါက်စပါ"

လာရင်းကိစ္စကို မပြောသေးဘဲ သူနှင့်ပါလာသော ယောကျာ်းနှစ်ယောက်ကို မိတ်ဆက်ပေးလေသည်။



"အခု လာတာလည်း ပေါက်စအတွက်ပါ၊ ဒီက ညီမကြီးတို့ဆီမှာ အကူအညီတစ်ခု တောင်းချင်လို့၊ တဆင့်စကား တဆင့်နားနဲ့ အားကိုးတကြီး လာခဲ့တာပါ"

"ဟို... ကိစ္စကို ပြောပါဦး အစ်မကြီးရယ်"

မိန်းမကြီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"အစ်မသား ပေါက်စဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မော်လမြိုင်ကို အလုပ်လုပ်မယ်ဆိုပြီး သွားခဲ့တယ်၊ ဟိုမှာ ရာဘာစေးခြစ်ဖို့ဆိုလား၊ အုတ်ဖုတ်မယ်ဆိုလား အဲဒီကတဆင့် သူ့အဖော်တစ်ယောက်နဲ့ ဘားအံကို ပါသွားခဲ့တယ်၊ အဲဒီမှာ ငှက်ဖျားထသလိုလို ဘာလိုလို ဖြစ်လို့ ပြီးခဲ့တဲ့တစ်လကပဲ ပြန်ရောက်လာတယ်၊ ဒီရောက်တော့ ငှက်ဖျားပြတ်ဆေးတွေ တိုက်၊ ဆရာတွေနဲ့ ကုတာ မသက်သာဘဲ ညညဆို တငိုငို တရယ်ရယ်နဲ့၊ အစာလည်း မစားနိုင်ဘဲ လူက အဲဒီပုံစံ ဖြစ်လာတော့တာပဲ၊

www.burmeseclassic.com



ဗိုက်ကလည်း မအောင့် မနာဘဲ တဖြည်းဖြည်း ဖောင်းလာတယ်၊ ဆေးဆရာမျိုးစုံ လှည့်ကုခဲ့ပြီးပါပြီ၊ မသက်သာပါဘူးကွယ်၊ ဟိုနေ့က ဒီမြို့မှာနေတဲ့ အစ်မမောင် အောင်ဝင်းနဲ့ တွေ့လို့ ညီမကြီးတို့ သတင်းကြားပြီး လာခဲ့တာပါ”

ဟု ရှည်လျားစွာ ပြောပြလိုက်ရာ မစယ်မှာ သဘောပေါက် နားလည်သလိုလို ရှိသော်လည်း အဘယ့်ကြောင့် လာရသည်ကို တပ်အပ်မသိရသေးဘဲ ရှိလေသည်။

“အဲဒီတော့ … ကျွန်မတို့က ဘယ်လို ကူညီရမလဲရှင်”

“အောင်ဝင်းက ပြောတယ်၊ ညီမတို့က အစွမ်းထက်တဲ့ ဆီမန်းနဲ့ ရောဂါတော်တော်များများကို ကုပေးတယ် သတင်းကြားလို့ပါ၊ အဲဒါ အစ်မကြီးသားကိုလည်း ကုပေးပါဦးလို့”

“ရောဂါ တော်တော်များများကို ကုခဲ့တယ်၊ ပျောက်ခဲ့တယ်ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမယ့် အဲဒါက ဗိုက်အောင့်၊ ခေါင်းကိုက် ဖြစ်တာလောက်ပါ၊ ဒီလို ရောဂါဆန်းတော့ တစ်ခါမှ မကြုံဖူးပါဘူးရှင်၊ ဒါကြောင့် ဆီတော့ လိမ်းပေးလိုက်ပါ့မယ်၊ ပျောက်မပျောက်တော့ အာမမခံဝံ့ပါဘူး”

ဟုဆိုရာ မိန်းမကြီးနှင့် သူ့ယောကျာ်းမှာ အလွန်ဝမ်းသာသွားကြလေသည်။

“ကုပေးမယ်“ ပြောတာပဲ၊ ဝမ်းသာလှပါပြီ ညီမကြီးရယ်”

ဟု လူကြီးက အသံတုန်တုန်နှင့် ဝင်ပြော၏။

ထို့နောက်တွင် ဦးစံကျော့သည် သူတို့ဘုရားဆင်းတုတော်ကို သပ္ပာယ်ထားသော ရေနှင့် သောက်တော်ရေကို အနည်းငယ် တိုက်လိုက်ပြီး ဆီ အနည်းငယ်ယူကာ ရင်ဘက်မှ ဝမ်းဗိုက်အထိ သပ်ချပြီး လူးပေးလိုက်လေသည်။

ထို့နောက် အိမ်ရောက်လျှင် လိမ်းရန် ဆီအနည်းငယ်ကိုလည်း ပုလင်းလေးတစ်လုံးနှင့် ခွဲထည့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ရောဂါသည်မှာ ချက်ချင်းဆိုသလိုပင် လန်းလန်းဆန်းဆန်း ဖြစ်လာသည်ကို သတိပြုလိုက်မိလေသည်။

သားသမီး သားအဖ သုံးယောက်မှာ ကျေးဇူးတင်စကား အထပ်ထပ်ဆိုပြီး ပါလာသော ပိုက်ဆံများကို ထုတ်ကာ ဆေးဖိုးအဖြစ် ပေးလေ၏။ သို့သော် ဦးစံကျော့တို့ လင်မယားမှာ လုံးဝ လက်မခံချေ။

ထိုလူများ ပြန်သွားပြီး တစ်ပတ်ခန့် ကြာသောအခါ ပေါက်စမှာ ရောဂါဝေဒနာ လုံးဝ သက်သာသွားပြီ ဖြစ်ကြောင်း သတင်းကြားလိုက်ရလေတော့သည်။



တစ်နေ့ မနက်ခင်းတစ်ခုတွင် ဦးစံကျော့မှာ ဘုရားရှိခိုးနေခိုက် အိမ်ပေါ်တွင် တက်ချည်ဆင်းချည် ပြုနေသော ခြေသံ တချွတ်ချွတ်ကို ကြားလိုက်ရလေ၏။ ဘုရားရှိခိုးပြီး၍ လှည့်ကြည့်လိုက်သောအခါ သားနှစ်ယောက်ဖြစ်သော ကြီးငွေနှင့် ကြီးရွှေကို တွေ့ရလေသည်။

"ဟော့ ... ဘာလုပ်နေကြတာလဲ၊ ပဲခူးမသွားကြသေးဘူးလား၊ စက်ပစ္စည်း သွားဝယ်ကြမယ်ဆို"

ထိုအခါ ကြီးငွေနှင့် ကြီးရွှေသည် ဖခင်ဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



အား ကွက်ကြည့်ကွက်ကြည့် လုပ်နေလေသည်။ အတန်ကြာမှ ကြီးငွေက …

"ကျွန်တော်တို့ မော်တော်ကားဝယ်ချင်လို့ အမေ"

ဟု ဆိုလိုက်လေသည်။

"မော်တော်ကား … ဟုတ်လား၊ ကြီးငွေ ဘာလုပ်ဖို့လဲ"

"ကျွန်တော်တို့ စီးချင်လို့ပါ အမေ၊ တလောက ပဲခူးသွားတုန်း သူဌေးတွေ မော်တော်ကား စီးကြတာ တွေ့လိုက်ရတယ်၊ တော်တော် ဟန်ကျတာပဲ၊ ကျွန်တော်တို့လည်း မော်တော်ကား စီးချင်တယ်"

ထိုအချိန်တွင် ကျိုက်ထိုတစ်မြို့လုံးတွင် မော်တော်ကားစီးနိုင်သူ တစ်ယောက်မှ မရှိသေးချေ။ ပဲခူးတွင်သာ အရာရှိ သူဌေး စသည်တို့ အစီးများကြ၏။

"မင်းတို့ အားကီးခက်တဲ့ကောင်တွေပဲ၊ ပဲခူးသွားရင် မီးရထားနဲ့ သွားရလယ်၊ မော်တော်



ကားက ဘယ်မှာ စီးမှာလဲ"

ကြီးငွေနှင့် ကြီးရွှေမှာ ဘာပြန်ပြောရမှန်း မသိဖြစ်သွားလေသည်။ ထိုအခိုက် မစယ် ရောက်လာပြီး…

"ကဲပါ … ကိုစံကျော့ရယ်၊ ဒီလောက်လည်း ကပ်စီးနဲ့ မနေပါနဲ့၊ ကလေးတွေလည်း အလုပ်လုပ်နေကြတာပဲဟာ၊ သူတို့လိုချင်တာလေး တော့ ဝယ်ပေးသင့်ပါတယ်၊ ကဲ … သား ပြောစမ်း၊ မော်တော်ကားတစ်စီး ဘယ်လောက် ကျမလဲ"

"တစ် … တစ်ရာကျော်ပါ အမေ"

မစယ်မှာ ဟင်ကနဲ့ဖြစ်ကာ မျက်လုံးပြူးသွားတော့၏။

"တစ်ရာကျော်တောင် ဟုတ်လား၊ တစ်ရာ ဘယ်လောက်ကျော်သလဲ၊ ပြောစမ်း… သား"

"တစ်ရာ့ခြောက်ဆယ်၊ တစ်ရာ့ခုနစ်ဆယ် လောက်ရှိတယ်လို့ ပြောတာပဲ"

"ကဲ … ကြားလား မစယ်၊ မော်တော်ကား

www.burmeseclassic.com

www.burmeseclassic.com



တစ်စီး ဝယ်တာ မင်းက အိလွယ်လေး မှတ်နေတယ်"

မစယ်သည် တန်ဖိုးကြီးလှသောကြောင့် နှမြော သလိုလို ဖြစ်မိသော်လည်း ဦးစံကျော့ မရိပ်မိစေရန် အသာ ထိန်းလိုက်ပြီး …

"အို … ဘယ်လောက်ပဲဖြစ်ဖြစ်၊ ဝယ်ပေး မယ်သား၊ ဘာမှ စိတ်မပူနဲ့၊ မော်တော်ကား စီးရစေ့ မယ်၊ စိတ်သာချ"

ဟု ပြောလိုက်လေတော့သည်။ ထိုအခါ ဦးစံကျော့မှာ သားနှစ်ယောက်နှင့် မိန်းမမျက်နှာကို ကြည့် ကာ …

"နင်တို့ အားကီးခက်တဲ့ဟာတွေပဲ၊ ပိုက်ဆံကို ပိုက်ဆံလို့ မမြင်ကြဘူး၊ လိမ်လိမ်မာမာ နေကြ၊ ဘုရားတည်ပြီးရင် ဝ မရှိတော့ဘူး၊ အဲဒီအခါမှ သိမယ်"

ဟု ဆိုလိုက်ရာ ထူးဆန်းသော ဦးစံကျော့ စကား ကြောင့် သားအမိသုံးယောက်မှာ တစ်ယောက်မျက်နှာ



တစ်ယောက် ကြည့်လိုက်မိကြလေသည်။ မစယ်က တစ်စုံတစ်ခု လှမ်းပြောလိုက်ရန် ပြင်လိုက်စဉ်မှာပင် ဦးစံကျော့မှာ မျက်စိကို မှိတ်ကာ ဗုဒ္ဓေါ … ဗုဒ္ဓေါဟု ရွတ်ပြီး ပုတီးစိတ်နေသည်ကို တွေ့လိုက်ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည် ကျိုက်ထိုတစ်မြို့လုံးနီးပါးလိုလို ဝမ်းသာပျော်ရွှင်ရသောနေ့ ဖြစ်လေသည်။

ဆီစက်သူဌေး တရုတ်ကြီး ဦးစံကျော့နှင့် သူဌေးကတော် ဒေါ်စယ်တို့ မိသားစု အစအဆုံး တာဝန်ယူ တည်လိုက်သော ရုပ်တော်မူ ဘုရားရုပ်ပွားတော်ကြီးနှင့်အတူ ကျောင်းဆောင်ကြီးပါ ဆောက်လုပ်ပြီး၍ အလှူကြီးပေးသောနေ့ ဖြစ်လေသည်။

တစ်မြို့လုံး မီးခိုးတိတ်လှူသော အလှူဖြစ်သည့်အတွက် ဘုရားကျောင်းဝင်းထဲတွင် လူများမှာ ကြိတ်ကြိတ်တိုးနေ၏။



ထိုအချိန်က တရုတ်ကြီး ဦးစံကျော့၏ အလှူသည် ခမ်းနားကြီးကျယ်သည့်အရာ၌ ကျိုက်ထို တစ်မြို့လုံး 'ပေါက်ဖော်ကြီးအလှူ' ဟု ပြောစမှတ်တွင်ခဲ့လေသည်။ ဦးစံကျော့သည် အလှူသို့ ရောက်လာသမျှ ဘုရားဖူး ပရိသတ်ကို ...

"ဝရတဲ့ ကုစိုတွေ အားလုံး ပေးတယ်၊ ယူကြပါ"

ဟု ပါဠိတစ်လုံးဝ မပါသော တရုတ်သံဝဲဝဲနှင့် အမျှဝေလေသည်။ အလှူရေစက်ချ တရားနာပြီးသောအခါတွင်လည်း ကောင်းတယ်၊ ကောင်းတယ်ဟု ပြောပြန်လေသည်။ အလှူပြီးသောအခါ ညနေ သုံးနာရီထိုးပြီးနေပြီ ဖြစ်လေသည်။

"မစယ် ... မင်းတို့ ပြန်နှင့်ကြ၊ ဝ ပုတီးစိတ်ဦးမယ်"

ဟုဆိုကာ ဦးစံကျော့မှာ သူ၏ ကောင်းမှုတော် ဘုရားရှေ့တွင် ထိုင်၍ ပုတီးစိတ်နေခဲ့လေသည်။ မစယ်မှာ တစ်နေကုန် ပင်ပန်းထားသောကြောင့် အိမ်သို့ ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အနားယူရန် ပြောသော်လည်း ဦးစံကျော့မှာ မလိုက်ဘဲ နေခဲ့လေသည်။

ခေါ်မရသည့်အဆုံး မစယ်မှာ ဦးစံကျော့ကို ဘုရားတွင် ထားခဲ့ကာ အိမ်သို့ ပြန်ခဲ့ရလေတော့သည်။ မစယ်သည် ညနေစာ စားပြီး အိပ်ရာ စောစောဝင်ရ စိတ်ကူးမိလေသည်။ အပြင်တွင် အတော်မှောင်နေပြီဖြစ် သောကြောင့် ဦးစံကျော့အား ကြာလိုက်တာဟုလည်း အပြစ်တင်နေမိ၏။ ထို့နောက် မေ့လျော့သွားပြန်ကာ အိမ်ခါနီး ဘုရားရှိခိုးရန် ဘုရားစင်ရှေ့တွင် ထိုင်၍ မျက်စိ မှိတ်ပြီး ဘုရားကို အာရုံအပြုတွင် ဘုရားဆင်းတုတော်ရ ဝင်းကနဲ တစ်ချက်ဖြစ်သွားသည်ကို သေသေချာချာကြီး သိလိုက်ရလေသည်။ သို့သော် မျက်စိမှိတ်ထားသော ကြောင့် တကယ် ဟုတ်မဟုတ်ကို ဝေခွဲမရ ဖြစ်နေစဉ် မီးကင်းတဲမှ ဆံချောင်းခေါက်သံ ကိုးချက်တိတိကို ကြား လိုက်ရလေတော့၏။

ထိုအခါမှ ယောကျ်ားဖြစ်သူကို ပြန်မရော သေးသည်ကို သတိရကာ အိမ်ပေါ်မှ မှန်အိမ်ကလေး



ဖြတ်ကာ ဆင်းခဲ့ပြီး ဆီစက်ထဲတွင် အိပ်နေသော သား နှစ်ယောက်ကို သွားနှိုးရလေသည်။

"ကြီးဌေး ... ဟဲ့ ကြီးဌေး ... သား ထစမ်း"

"ဟင်း ... အမေ၊ မအိပ်သေးဘူးလား အမေ ဝါး"

ကြီးဌေးမှာ အိပ်ရာမှ အိပ်မှုန်စုံမွှားနှင့် ထလာလေ တော့၏။

"မအိပ်ရသေးဘူး သား ... ထစမ်း၊ ညီလေး ပါ နှိုးလိုက်၊ နင်တို့အဖေ ခုထိ ပြန်မလာသေး လို့"

"ဗျာ ... အဖေ ပြန်မရောက်သေးဘူး ဟုတ်လား"

ကြီးဌေးမှာ အံ့သြသော အမူအရာနှင့် အိပ်ရာမှ အတင်းကုန်းထလာလေသည်။

"အေး ... ညနေကတည်းက ဘုရားမှာ ပုတီး စိတ်ဦးမယ်ဆိုပြီး နေခဲ့တာ၊ အခုပဲ ကိုးနာရီ ထိုးနေပြီ၊ သွားလိုက်ခေါ်ချည့်စမ်းကွယ်"

www.burmeseclassic.com

www.burmeseclassic.com



မစယ်၏ စကားအဆုံးတွင် ကြီးငွေနှင့် ကြီးရွှေမှာ လက်နှိပ်ဓာတ်မီး ယူကာ ဘုရားကုန်းတော်ဖက် အပြေးအလွှား ထွက်သွားလေတော့သည်။

မစယ်မှာ အိမ်ပေါ်သို့ ပြန်တက်ပြီး ဘုရားရှိခိုးနေလိုက်၏။

သားနှစ်ယောက် ထွက်သွားသည်မှာ နာရီ ဝက်၊ တစ်နာရီခန့်ပင် ကြာသွားပြီ ဖြစ်လေသည်။ မစယ်မှာ အိပ်ရာထဲတွင် လှဲနေသော်လည်း အိပ်မပျော်နိုင်သေးချေ။

ထိုစဉ် အိမ်ရှေ့မှ လက်နှိပ်ဓာတ်မီးရောင် ဝင်းကနဲ တွေ့လိုက်ရသောကြောင့် လှဲနေရာမှ ငေါက်ကနဲ ထထိုင်လိုက်မိသည်။

"အမေ … အမေ"

အမောတကော ခေါ်လိုက်သော ကြီးငွေ၏အသံကြောင့် မစယ်မှာ လန့်သွားမိလေ၏။ ကြီးရွှေကလည်း မျက်စိမျက်နှာပျက်စွာနှင့် ဟိုဟိုသည်သည် ဒီလျှောက်ကြည့်ကာ …



"အဖေ ဒီကို ပြန်မရောက်တာ သေချာရဲ့လား အမေ၊ ဘုရားမှာ သွားရှာတာ မတွေ့ခဲ့ဘူး၊ ကျွန်တော်တို့ ဘုန်းကြီးကျောင်းအထိ သွားမေးပြီးပြီ၊ မလာဘူးတဲ့"

"ဟင်"

မစယ်မှာ အံ့ဩလွန်းမက အံ့ဩကာ ဘာပြန်ပြောရမှန်း မသိ၊ ကြက်သေ သေနေမိ၏။

"အဖေ … အဖေ တောထဲများ ဝင်သွားလား မသိဘူး၊ သွားရှာရအောင်"

"ဟာ … မဖြစ်နိုင်တာ၊ အဖေ တောထဲ ညဖက်ကြီး ဘာသွားလုပ်မှာလဲ၊ ပြီးတော့ ကျွန်တော် မလိုက်ရဲပါဘူး"

ကြီးရွှေက သူရဲကြောက်တတ်သူ ဖြစ်၏။ ကြီးငွေကတော့ တောထဲထိ ဝင်ရှာလိုသော်လည်း အချိန်မရှိတော့ပြီမို့ …

"အဖေက ကလေးမှ မဟုတ်တာ အမေရယ်၊ စိတ်ပူမနေပါနဲ့၊ မနက်ကျတော့ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာပေးပါ့မယ်၊ ဒါမှမဟုတ်လည်း ဒီည အမေ ပြန်လာချင် ပြန်လာမှာပါ”

ဟု မိခင်ဖြစ်သူအား နှစ်သိမ့်လိုက်လေတော့၏။ မစယ်မှာ အေးဟုလည်း ပြန်မပြော။ ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါနှင့် တွေတွေကြီး ငေးနေမိလေတော့သည်။



ထိုနေ့မှစ၍ သူတို့မိသားစုလေး မျှော်နေခဲ့ကြသော ဦးစံကျော့မှာ လုံးဝ ပြန်ရောက်လာခြင်း မရှိဘဲ ထူးဆန်းစွာ ပျောက်ဆုံးသွားလေတော့သည်။ အရပ်ထဲမှ လူများမှာ ဦးစံကျော့ ပျောက်ဆုံးသွားသည်ကို စိတ်မကောင်းသူ၊ လွမ်းဆွတ်တသ နေကြသလို အချို့မှာလည်း ထင်ရာမြင်ရာ လျှောက်ပြောတတ်ကြလေသည်။

“ပေါက်ဖော်ကြီးကတော့ တို့ထင်တဲ့အတိုင်းပဲ ပျော့၊ ပုတီးရှူး ရှူးပြီး တောထွက်သွားပြီ”

“ဟာ … မဟုတ်နိုင်တာဗျာ၊ ပေါက်ဖော်ကြီး တောထွက်သွားတာ ဘယ်သူမှလည်း မတွေ့

www.burmeseclassic.com



လိုက်ဘဲနဲ့၊ သူ ပြည်ကြီး ပြန်သွားတာပဲ ဖြစ်မယ်ဗျ”

“ဟုတ်လောက်တယ်ရှင့်၊ ဒီမှာ သားသမီးနဲ့ မိန်းမတွေ စီးပွားရေး အတည်ကျပြီဆိုတော့ ပြည်ကြီးကို ပြန်သွားတာ ထင်တယ်၊ သိရင် တားမှာစိုးလို့ တိတ်တိတ်လေး ထွက်သွားတာ ဖြစ်မှာပေါ့”

“ကျုပ်ကတော့ ဒီလို မထင်ဘူးဗျ၊ ပေါက်ဖော်ကြီးက ဘုရားစတည်ကတည်းက ပုတီးယောင်ယောင်၊ ဝိပဿနာယောင်ယောင် ဖြစ်နေတာဆိုတော့ တောထဲ ညကြီးမင်းကြီးသွားလို့ တောကောင်တစ်ကောင်ကောင် လက်ချက်မိသွားတယ် ထင်တာပဲ၊ ကေန္တ ပိုးတွေဘာတွေများ ထိသလား မသိဘူး”

“ပိုးထိရင်လည်း ဒီလောက် သူ့သားတွေ တောနင်းရှာတာ၊ အလောင်းတော့ တွေ့ရမှာပေါ့ဗျ၊ အခုဟာက ခြေရာ အစအနလေးတောင်



မကျန်ခဲ့တော့ စဉ်းစားစရာ ဖြစ်မနေဘူးလား”

“ခင်ဗျား ပြောပုံဆို ပေါက်ဖော်ကြီးက မြေလျှိုးမိုးပျံသွားပြီလား၊ ဒါမှမဟုတ် ဝိဇ္ဇာဖြစ်ပြီး ထွက်သွားပြီလား”

အရပ်ထဲမှ လူများသည် လူစုံတိုင်း ပေါက်ဖော်ကြီးအကြောင်းကို ထူးဆန်းအံ့သြဖွယ် ပဟေဠိတစ်ပုဒ်နှယ် ပြောဆိုငြင်းခုန်လေ့ ရှိကြလေသည်။

မည်သူကမျှ ထိုအကြောင်းကို တပ်အပ်သေချာ မပြောနိုင်ကြချေ။ သို့သော် ပေါက်ဖော်ကြီး တည်ခဲ့သော ရပ်တော်မူ ဘုရားကြီးကတော့ ကိုးကွယ်ထိုက်သူ ကိုးကွယ်ထိုက်သားများအတွက် ပေါက်ဖော်ကြီးကို အမှတ်ရစရာ ဖြစ်စေခဲ့သည့်အပြင် အားလုံးက ပေါက်ဖော်ကြီးဘုရားဟုပင် လွယ်လင့်တကူ ခေါ်ကြလေသည်။ ထို့ကြောင့် ရပ်တော်မူ ဘုရားကြီးမှာ ပေါက်ဖော်ကြီးဘုရားဟုပင် အမည်တွင်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



**ထိုအဖြစ်အပျက်များ ပြီးဆုံးသွားပြီးနောက်**
**အနှစ်ငါးဆယ်ခန့် ကြာသောအခါ ...**

အသက်နှစ်ဆယ်ကျော် အရွယ်ရှိလူငယ်လေး တစ်ယောက်နှင့် သူ၏ဆရာဖြစ်ဟန်တူသော အသက်လေးဆယ်ကျော်ခန့် လူတစ်ယောက်တို့သည် မင်းဘူးနယ်ရှိ မယ်ဘက်ကုန်းရွာလေးသို့ ရောက်လာကြ၏။

ထိုလူနှစ်ယောက်မှာ အမှုတစ်ခုအတွက် ရှေ့နေလိုက်ရင်း ရောက်လာသူများဖြစ်ကြောင်း၊ သူကြီးအိမ်ရောက်မှ သိကြရ၏။ သူကြီးသည် ထိုလူနှစ်ယောက်အား မြို့မှ ပညာတတ်များဖြစ်မှန်း ရိပ်မိသဖြင့် ပျာပျာသလဲပင် ဆီးကြိုလေသည်။

"ကျွန်တော်တို့တော့ သူကြီးအိမ်မှာ ဒီမနက် ထမင်းစားရလိမ့်မယ် ထင်တယ် ဆရာ"

ရှေ့နေပေါက်စလေး ကိုကျော်ရိုက သူ့ဆရာ ဦးခွန်ဝင်းလှိုင်ကို တီးတိုးပြောလိုက်၏။



"ဘာမှ ပူမနေပါနဲ့ကွာ၊ တောမှာ တည်းခိုခန်းတို့၊ ထမင်းဆိုင်တို့ ရှိတာမှ မဟုတ်တာ၊ သူကြီးသူ့ဘာသာ ကြည့်စီစဉ်ပါလိမ့်မယ်"

ထိုအချိန်တွင် သူကြီးကတော်ကြီးသည် ရေနွေးကြမ်းနှင့် လက်ဖက်ရည်ပန်းကန်ကို လာချပေးလေသည်။ လွန်စွာ ဥပဓိရုပ်ကောင်းပြီး ရည်မွန်ခန့်ညားသော မြို့သားရှေ့နေကြီးများကို အထူးအဆန်းသဖွယ် ငေး၍ ကြည့်သွားလေ၏။ ထိုအခါ တပည့်ဖြစ်သူ ကိုကျော်ရိုက ...

"သူကြီးကတော်ကြီးကတော့ ကျွန်တော်တို့ကို ကြည့်နေတယ်ဗျ၊ ကျွန်တော်တို့မျက်နှာက ထမင်းဆာတဲ့ပုံများ ပေါက်နေလို့လားမသိဘူး"

ဟုဆိုလိုက်ရာ ဆရာဦးခွန်ဝင်းလှိုင်က တဟားဟား ရယ်၍ ...

"အဲဒီလို ထင်သွားတော့လည်း ကောင်းတာပေါ့ကွာ၊ ခုပဲ နေ့လယ် ဆယ့်နှစ်နာရီ ရှိနေပြီ"

ဟု ပြန်၍ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူကြီးသည် အိမ်ပေါ်ထပ်မှ ဆင်းလာကာ ...

"ရှေ့နေကြီးတို့လည်း ဆာကြရောပေါ့၊ ထမင်းစားရအောင်"

ဟု ခေါ်လေသည်။ ဆရာတပည့် နှစ်ယောက်မှာ ဟန်ပင်မဆောင်နိုင်တော့ဘဲ သုတ်ကနဲ ထလိုက်သွားမိလေတော့၏။

ထမင်းစားသောက်ပြီးသောအခါ ရေနွေးကြမ်းနှင့် ထန်းလျက်၊ မြေပဲကြော်များကို ယူလာကာ ကျွေးပြန်လေသည်။

"ရှေ့နေကြီးတို့ ရောက်လာတာနဲ့ တိုက်တိုက်ဆိုင်ဆိုင် ရွာမှာ အာဂန္တု ရဟန်းတစ်ပါး ရောက်နေတယ်ဗျို့၊ အဲဒါ ကြုံတုန်း ဖူးသွားပါလား၊ တောရကျောင်း ဘုန်းကြီးနဲ့ တူပါတယ်ဗျာ၊ သိပ်ပြီး ကြည်ညိုဖို့ ကောင်းတာပဲ၊ ထူးလည်း ထူးခြားတယ်ဗျ"

ထိုအခါ ဦးခွန်ဝင်းလှိုင်က သူကြီးအား ...



"ဘယ်လို ထူးခြားသလဲဆိုတာတော့ ကျုပ်လည်း သေချာ ပြန်မပြောတတ်ပါဘူး၊ ဒါပေမယ့် ရှေ့နေကြီးတို့ကိုယ်တိုင်သွားမှ ထူးခြားတာ ခံစားရလိမ့်မယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

သူကြီး၏ စကားမှာ မရေရာ မသေချာလှသော်လည်း ဆရာတပည့်နှစ်ယောက်မှာ ထိုဘုန်းကြီးအား စိတ်ဝင်စားမိလေသည်။ ထို့ကြောင့် သူကြီးကို ခေါ်ကာ ဘုန်းကြီးရှိရာသို့ ရောက်သွားလေတော့သည်။ ဘုန်းကြီးရှေ့သို့ ရောက်သောအခါ ဦးခွန်ဝင်းလှိုင်က ...

"ကိုကျော်ရီရေ ... ဆရာ အခုမှ သတိရတော့တယ်၊ ဘုန်းကြီးလာဖူးတာ ဘာမှလည်း လှူစရာ တန်းစရာ မပါခဲ့ဘူးကွ"

ဟု ခပ်တိုးတိုး ကပ်ပြောလေ၏။

သူတို့နှစ်ယောက်နှင့် သူကြီးမှာ ဘုန်းကြီးအား ဝတ်ဖြည့်ကြပြီးသောအခါ ဘုန်းကြီးက ...

"ကုဿိတံ ပဋ္ဌိတံ၊ တုံယုံ၊ ခိပ္ပမေဝ သမိဇ္ဈတု"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုပေးလေသည်။ ဘုန်းကြီးမှာ အသက်လေးဆယ်ခန့်ပင် ရှိသေး၏။ ဘုန်းကြီးမှာ ဗမာအစစ်ဟုတ်ပုံမရချေ။ အသားအရေမှာ အလွန်ဖြူပြီး မျက်ခုံးမျက်လုံးများမှာ တရုတ်သွေးပါသူမှန်း သိသာလေသည်။ ကိုကျော်ရီနှင့် ဦးခွန်ဝင်းလှိုင်မှာ ဘုန်းကြီးအား လှူရန် မုန့်လေးတစ်ထုတ်တောင် ပါမလာသည့်အတွက် အလွန်အားနာနေကြ၏။ ထိုစဉ် ဘုန်းကြီးက …

"ဒကာကြီးတို့ အလှူဆိုတာ ဝတ္ထုပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်အား ချဉ်းကပ်နည်း မဟုတ်ဘူး၊ စေတနာ သဒ္ဓါတရားကို အရင်းခံပြီး ကောင်းမှုပြုခြင်းပဲ ဖြစ်ပါတယ်၊ ပုဗ္ဗ၊ မုဥ္စ၊ အပရ ဆိုတဲ့ စေတနာသုံးတန်ကို ပြဋ္ဌာန်းပြီး အလှူအတန်းပြုရတယ်၊ လောကီလူ့ဘောင်မှာလို မကောင်းရာ မကောင်းကြောင်း ကိစ္စကြောင့် လာဘ်ပေးရခြင်းနဲ့ မတူဘူး၊ ဒါကြောင့် အလှူပစ္စည်းမပါဘဲ လာဖူးကြခြင်းအတွက် စိတ်အနှောက်အယှက် မဖြစ်ပါနဲ့၊ လှူချင်တဲ့စိတ်ကပဲ ကုသိုလ်အများ



ကြီး ရပြီးပါပြီ"

ဟု ကြည်လင်ဝီသသောအသံနှင့် မိန့်ကြားလိုက်ရာ ဆရာတပည့်နှစ်ယောက်မှာ အလွန် စိတ်လှုပ်ရှားသွားလေတော့၏။

ကိုကျော်ရီသည် ဘုန်းကြီး၏ မျက်နှာအား ကြည့်၍ တစ်နေရာတွင် မြင်ဖူးသယောင် ထင်မိလေသည်။ သို့သော် မည်သည့်နေရာတွင်မှလည်း မဆုံခဲ့ဘူးသည်ကို သိနေ၏။ ထို့ကြောင့် …

"အရှင်ဘုရား၊ တပည့်တော် အရှင်ဘုရားကို တစ်နေရာရာမှာ ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ရသလို ခံစားရပါတယ်ဘုရား၊ ဒါပေမယ့် အရှင်ဘုရားနဲ့ တစ်ခါမှ မဆုံခဲ့ဘူးတာကိုလည်း စိတ်က သိနေပါတယ် ဘုရား"

ဟု မဝံ့မရဲ လျှောက်လိုက်ရာ ဘုန်းကြီးက ခေါင်းတဆတ်ဆတ် ညိတ်ရင်း …

"ဒါက … မထူးဆန်းပါဘူး ဒကာ၊ သံသရာ တစ်ကွေ့ကွေ့မှာ လူတွေဟာ အမျိုးမျိုး ကြုံတွေ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ကွေ့ကွေ့မှာ လူတွေဟာ အမျိုးမျိုး ကြုံတွေ့နိုင်ကြတာပဲလေ၊ လူအများ သွားလာနေတဲ့ လှေကားကြီးတစ်ခုမှာလိုပေါ့၊ တစ်ယောက်က အဆင်း၊ တစ်ယောက်က အတက်၊ တစ်ယောက်ကဝင်၊ တစ်ယောက်က ထွက်နဲ့ မျက်နှာချင်းဆိုင်တော့ ကြုံခဲ့ဖူးကြမှာပါ၊ သတိထားမိတာရယ်၊ သတိမထားမိတာရယ်၊ ဒါပဲကွာတာပါ၊ ဒါနဲ့ ဒကာ့နာမည် မောင်ရီ မဟုတ်လား"

ဟု ဆိုလိုက်၏။ ကိုကျော်ရီမှာ ဘုန်းကြီး၏ စကားကြောင့် ကြက်သီးများပင် ထသွားမိလေသည်။

အံ့သြခြင်းကြီးစွာဖြစ်လျက် အနီးတွင်ရှိသော ဆရာ ဦးခွန်ဝင်းလှိုင်၏ မျက်နှာကို လှမ်းကြည့်လိုက်မိ၏။

မောင်ရီဆိုသည်မှာ သူ့မိသားစု အတွင်းသာ ခေါ်သော ငယ်နာမည် ဖြစ်၏။ သို့သော် ကိုကျော်ရီဟု တစ်စုံတစ်ယောက်က ခေါ်ခြင်းကို တစ်စွန်းတစ်စကြားကာ အများဆွတ် ခေါ်ခြင်းလည်း ဖြစ်နိုင်သည်ဟု



တွေးလိုက်မိလေသည်။

"မှန်ပါ့ဘုရား"

ဟု လျှောက်လိုက်သောအခါ ဘုန်းကြီးက ကိုကျော်ရီအား ...

"မင်းအဖေကရော"

ဟု မေးပြန်၏။ ဘုန်းကြီး၏အသံသည် အလွန်ရင်းရင်းနှီးနှီး ရှိလှသည်ဟု ထင်မိပြန်သည်။

"တပည့်တော်အဖေက ဦးကြီးငွေပါ ဘုရား၊ အခုတော့ ဆုံးရှာပါပြီ"

"သြော် ... ဒုက္ခ ... ဒုက္ခ၊ ဒါနဲ့ မင်းအတိုးနာမည်ကော သိရဲ့လားကွယ့်"

"တပည့်တော် မသိမမီလိုက်ပါဘူး ဘုရား၊ တပည့်တော်အဖေ လူပျိုအရွယ်ကတည်းက ပျောက်သွားတယ်လို့ ပြောကြပါတယ်၊ နာမည်ကတော့ ဦးစံကျော့လို့ ထင်တာပဲဘုရား"

"ဟုတ်လား ... ဘယ်အသက်အရွယ်လောက်မှာ ပျောက်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အခု ... အရှင်ဘုရား အသက်အရွယ် လောက်ပဲလို့ ခန့်မှန်းမိပါတယ် ဘုရား"

ဘုန်းကြီးက သူ့စကားကို ပြုံးရုံသာ ပြုံးပြီး နားထောင်နေလေသည်။

"ဒကာက ဘုန်းကြီးအသက်ကို ဘယ်လောက်လို့ ခန့်မှန်းမိတုန်း"

ဟု မေးလိုက်ရာ ကိုကျော်ရီက ...

"လေးဆယ်လောက် ရှိပြီလို့ ထင်ပါတယ် ဘုရား"

ဟု ဖြေလိုက်၏။

"တကယ်တော့ အသက်အရွယ်ဆိုတာ ခန့်မှန်းလို့ မရပါဘူး ဒကာ၊ ရုပ်ဆင်းလက္ခဏာကို ကြည့်ပြီး သူ ဖြတ်သန်းလာတဲ့ ကာလတစ်ခုရဲ့ ရွေ့လျောခြင်းကိုသာ ခန့်မှန်းနိုင်တာပါ၊ တကယ်တော့ အသက်ဆိုတာ မိခင်ဝမ်းက ကျွတ်ပြီး အချိန်က စ၊ သေဆုံးတဲ့ အချိန်အထိ ကြားကာလမှာ လှုပ်ရှားသွားလာနေတဲ့ ကာလတစ်ခု



ပဲ မဟုတ်လား၊ အဲဒါကို တစ်ရက်၊ တစ်လ၊ တစ်နှစ် အစရှိသဖြင့် ဖွဲ့ပြီး၊ သုံးဆယ် လေးဆယ်ရယ်လို့ ပြောကြတယ်၊ တကယ်တော့ သတ္တဝါတစ်ခုရဲ့ အသက်ရှင်တဲ့ ကာလမှာ တစ်နှစ်လည်း မရှိဘူး၊ တစ်ဆယ်လည်းမရှိဘူး၊ ဒါကြောင့် ဘုန်းကြီး ကိုယ့်အသက်ကို မသိဘူး၊ တစ်ခါမှလည်း မတွက်မိဘူး၊ ခန့်လည်း မခန့်မှန်းဘူး"

ဟု ထူးဆန်းသောစကားကို ပြောလိုက်လေသည်။ ကိုကျော်ရီမှာ ဘုန်းကြီးနှင့် စကားကောင်းနေကြသောကြောင့် ဦးခွန်ဝင်းလှိုင်နှင့် သူကြီးတို့ ဘယ်အချိန်က ထွက်သွားသည်ကိုပင် မသိလိုက်ချေ။

ခဏကြာသောအခါ ဆရာ ဦးခွန်ဝင်းလှိုင်နှင့် သူကြီးသည် ငှက်ပျောသီးတစ်ဖီးနှင့် ဘီစကွတ်မုန့်ထုတ်တစ်ထုတ်ကိုကိုင်ကာ ပြန်ရောက်လာတော့၏။ ထို့နောက် ငှက်ပျောသီးနှင့်မုန့်ကို ဘုန်းကြီးအား လှူလိုက်လေသည်။

"အင်း ... ဘုန်းကြီးတွေ ပြန်ပေးနိုင်တာတော့

www.burmeseclassic.com

www.burmeseclassic.com



ဒါန၊ သီလ၊ ဘာဝနာ၊ အစုဒကာတို့ပြုတဲ့ ကောင်းမှုကြောင့် ဒါနကုသိုလ်တော့ ရကြပြီ၊ သီလကတော့ ကိုယ်တိုင်စောင့်ထိန်းရမယ်၊ ဘာဝနာလည်း တတ်နိုင်သလောက် ကျင့်ကြံအားထုတ်ရမှာပေါ့၊ ကဲ ... ကဲ အလှူပြုပြီးရင် ကိုယ်ရတဲ့ ကုသိုလ်ကောင်းမှုကို တခြားသူတွေလည်း ထပ်တူရပါစေဆိုပြီး အမျှဝေကြမယ့်၊ ကြားလား၊ ဘုန်းကြီး တိုင်ပေးမယ်၊ လိုက်ဆိုကြ"

ဟု ဆိုကာ ဤသို့ပြုရ အစရှိသော အမျှဝေကို အစအဆုံး တိုင်ပေးလေသည်။

"အားလုံးကြားကြားသမျှအမျှ...အမျှ...အမျှ"

ဟု နောက်ဆုံး အမျှဝေအပြီးတွင် ကိုကျော်ရှိမှာ မည်သို့ ဖြစ်သွားသည်မသိ။

သာဓု ... သာဓု ... သာဓုဟု ဆိုရမည့်အစား ကောင်းတယ်။ ကောင်းတယ်။ ကောင်းတယ်... ဟုသာ ဆိုလိုက်မိပါလေတော့သတည်း။

(ပြီးပါပြီ)

www.burmeseclassic.com